The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 25, NO. 10 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 6, 2025



# ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်မည့် တန်ဖိုးမြှင့်ထုတ်ကုန် အုန်းပင်ထွက် ပစ္စည်းများ

စာမျက်နှာ - 10

## ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) တို့ ပေါ်ဆန်းဆန် ပြည်ပတင်ပို့နိုင်ရေး ဆွေးနွေး

စာမျက်နှာ - 14

## မြန်မာ့သရက်သီး တောင်ကိုရီးယားက ဝယ်ယူတင်သွင်းရန် စီစဉ်

စာမျက်နှာ - 20

## အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများ ပေါ်ပေါက်ရေး

စာမျက်နှာ - 26



# AUNG NAING THITSAR GROUP OF COMPANIES




## MULTI MODEL TRANSPORT & LOGISTICS



## RICE CONTRACT FARMING



**Dagon Center II, Pyay Road,**
**No. 268 Room 14(C,E),**
**14th Floor, Sanchaung Township,**
**Yangon, Myanmar.**

**+95 1 2317836**
**+95 1 2317837**
**+95 1 2314053**
**+95 1 2314054**

**ant.bdmanager@aungnaingthitsar.com**
**export@aungnaingthitsar.com**
**export2@aungnaingthitsar.com**

# မြန်မာ – တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံ ဆွေးနွေးပွဲ (The Soul Treasure of Myanmar) ကို စက်တင်ဘာ ၁၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ နန်နင်းကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အဖွင့်အမှာစကားပြောကြားရာ မြန်မာ့ကျောက်စိမ်းသည် တရုတ် နိုင်ငံတွင် လူသိများထင်ရှား၍ ဈေးကွက်ရရှိပြီးဖြစ်သည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ မြန်မာ့အရည်အသွေးမြင့် ကျောက်မျက်ရတနာများဖြစ်သည့် ပတ္တမြားနှင့် နီလာတို့ကိုလည်း တရုတ်နိုင်ငံဈေးကွက် ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့် မြန်မာ့ပတ္တမြားသည် မြန်မာနိုင်ငံ မိုးကုတ်ဒေသမှ အဓိကထွက်ရှိပြီး အဆိုပါမိုးကုတ်ပတ္တမြားကို ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက တော်ဝင်နန်းသုံးရတနာအဖြစ် တန်ဖိုးထား အသုံးပြုခဲ့ကြကြောင်း၊ နီလာသည် သီရိလင်္ကာ၊ ဩစတြေးလျ၊ ကက်ရှ်မီးယား၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အမေရိကန်နိုင်ငံတို့တွင် ထွက်ရှိပြီး မြန်မာ့နီလာမှာ ကမ္ဘာပေါ်တွင် ဒုတိယမြောက် အရည်အသွေး အကောင်းဆုံးဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားကို တရုတ်နိုင်ငံ ကွမ်ရှီး၊ ကွမ်တုံ၊ ဟူနန်၊ ယူနန်၊ ဟိုင်နန်၊ ဟောင်ကောင်၊ မကာအိုနှင့် အခြားဈေးကွက် အလားအလာရှိသော ဒေသများမှ ကုန်သည်လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည့်အတွက် မြန်မာ့ပတ္တမြားနှင့် နီလာကုန်သည် လုပ်ငန်းရှင်များနှင့် ဈေးကွက်ချိတ်ဆက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှဥက္ကဋ္ဌ ဦးအောင်ကျော်ဇင်က မြန်မာ့ပတ္တမြားနှင့် နီလာ တရုတ်နိုင်ငံဈေးကွက်ရရှိရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)နှင့် မြန်မာကုန်သွယ်ရေးစင်တာ (ဟိုင်နန်) တို့အကြား တရုတ်နိုင်ငံတွင် မြန်မာ့ကျောက်မျက်ရတနာဈေးကွက် မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် စာလွှာအား လဲလှယ်ခဲ့ကြသည်။ ထို့နောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်း ပြသခဲ့ကြပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံလက်ဖက်အသင်းမှ လုပ်ငန်းရှင်များလည်း ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာ့လက်ဖက်နှင့် လက်ဖက်ခြောက်များကို ခင်းကျင်းပြသခြင်း၊ အမြည်းတိုက်ကျွေးခြင်း အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**MOC (IR)**

# မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(Myanmar Inspection and Testing Services Ltd.-MITS) ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ညီလာခံခန်းမ (ပဥ္စမထပ်) ၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက် (MITS) သည် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မူဝါဒ၊ ညွှန်ကြားချက်များကို တစ်ဖက်တစ်လမ်းမှ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက် (MITS) ကို ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ သက်တမ်း ၃၄ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ MITS အနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့သည့် ကုမ္ပဏီများ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် အရေအတွက်နှင့် အရည်အသွေးများကို သင်္ဘော မတင်မီ (Pre-shipment Inspection) စစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက သိုလှောင်ထားရှိသည့် ဆန်အရည်အသွေးနှင့် အရေအတွက် စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MITS အနေဖြင့် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေး စံချိန်စံညွှန်းများကို လိုက်နာလက်ခံကျင့်သုံးလျက်ရှိပြီး ISO 9001:2015 နှင့် ဓာတ်ခွဲစမ်းသပ်ခြင်းဆိုင်ရာ ISO/IEC 17025 Certificate တို့ကို ရရှိထားကြောင်း သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ထို့ပြင်ကုန်ပစ္စည်း စစ်ဆေးခြင်းဆိုင်ရာ ISO/IEC 17020 ရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည့်အတွက်လည်း အသိအမှတ်ပြုကြောင်း၊ MITS အနေဖြင့် လက်ရှိတွင် ပြည်ပပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်သီးနှံများ၏ အရေအတွက်နှင့် အရည်အသွေး စစ်ဆေးခြင်း၊ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများနှင့် ဘူးသွင်းဆီ (Consumer Pack) ဖြင့် တင်သွင်းသည့် စားသုံးဆီများကို စစ်ဆေးခြင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ကတ္တရာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို ကိုယ်စားပြုနမူနာ ရယူခြင်း စသည့် လုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရှိရပြီး အခြားပို့ကုန်သွင်းကုန်များကိုလည်း ထပ်မံတိုးချဲ့စစ်ဆေးနိုင်ရေး တိုက်တွန်းလိုကြောင်း၊ MITS သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အားကိုးအားထားနိုင်သည့် အဖွဲ့အစည်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အဖွဲ့အစည်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး အဂတိတရား ကင်းရှင်းသည့် အဖွဲ့အစည်းဖြစ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် MITS ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ တင်ပြခြင်း၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း အတည်ပြုခြင်းနှင့် MITS တွင် ပို့ကုန် သွင်းကုန်စစ်ဆေးရန် လုပ်ငန်းအများဆုံး အပ်နှံပေးကြသည့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်ကြီးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်း စသည်တို့ကို ဆောင်ရွက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ MITS ဒါရိုက်တာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်း အသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင် တို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**MITS**

Commerce

**အတိုင်ပင်ခံစာတည်း**

သောင်းနိုင်

နီနီကျော်

နေဆန်း

**စာတည်းမှူးချုပ်**

သန့်စင်မင်း

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**

ဖြူဖြူဝင်း

**လက်ထောက်စာတည်း**

ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရဲမင်းသာ (မကွေး)

သဇင် (မအူပင်)

ကျော်နိုင် (မြိတ်)

မောင်မောင်မြတ်ခိုင် (ဖျာပုံ)

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

မြင့်မြင့်သန်း(ပခုက္ကူ)

သင်းသင်းအေး (မုံရွာ)

မျိုးဝင်းသန့် (မုံရွာ)

ခင်ကြည် (မွန်)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးမင်း (၀၀၉၇၇)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

PROVEN
GROUP OF COMPANIES







- Battery Manufacturing
- Renewable Energy
- Lead Recycling
- Plastic Injection and Blow Molding
- Auto Parts and Lubricants Distribution
- Investment

CONTACT US:
NO. F/S-14, BAYINTNAUNG ROAD, SHWE SABEI YEIKMON HOUSING , KAMAYUT TOWNSHIP, YANGON, MYANMAR
(POSTCODE - 11041 )
OFFICE NO.(+95-1)7 531 030 / 7 531 041/ 7 527 667 EMAIL : info@proven.com.mm WEBSITE : www.proven.com.mm

PMH Precious Myanma Heart
PROMOTING CREATIVITY



## P.M.H PRECIOUS MYANMA HEART CO.,LTD

Factory Address: No.338, Watayar Kyaung Street,
Watayar Industrial Zone, Shwe Pyi Thar Township ,
Yangon Region.Myanmar

09962600840/ 09420070110


info@pmhtrading.com




အရည်အသွေး
ကောင်းမွန်သော ကားအမျိုးအစားကို
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555




Performance
Lubricants
LUBRICANTS
RAMCO
MG
HAWK
Ultra
Power
Premium Lubricants
AYE NANDAR MYANMAR
Distribution Company Limited
ayedistributionmm@gmail.com
09791168971, 09402790897
No(346), Sanpya(2) Street, Thingangyun Township, Yangon
09421122085, 09693245402
No(15), 2Stories Building, Ywar Daw Mingalar Market, Pobbathiri Tsp, Nay Pyi Taw



မနောသုခ
ဆန်စက်
09254019203, 09784019203

Mon AgroTech
Konnyaku (Konjac) Jelly Block
NAKAMURA 888
DISCOVER THE FUTURE OF
KONJAC
Add : No.2905, Industrial Zone Road, 63 Ward,
Industrial Zone(2), South Dagon Township
Yangon Regian.
Ph : +959 881 888 445
Mail : ei.phyo@southernville.com.mm

BOWLING
Experience the fun at Rock & Bowl
where every moment is a striking success!
ROCK & BOWL
Contact Info
09 6777 888 93
Taw Win Road, 9 Mile,
Mayangone Township,
Yangon.
(Royal Sportainment Complex 1st Floor)




SUNFLOWER
Paint Brush & Paint Roller Industry
SUPER FINE
HARDWARE TOOLS
For Smoother Out Look !
Roller Handle
Super Fine Roller
Urethane Brush China
555 Sun Flower
Roller Refil
Super Fine
Urethane Brush China
622 Sun Flower
09 43083211
အမှတ် ၁၈၁/၁၈၂ (အေ)၊ ပုသိမ်မြေ (၉)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဗိုလ်တစ်ထောင်ခရိုင်၊
ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။

# ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံ ဈေးကျ၍ နေကြာ ဈေးမြင့်တက်



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ထွက်ရှိသော သီးနှံများကို ကန့်ဘလူမြို့ပေါ်ရှိ ပွဲရုံများသို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**ထောပတ်ပဲ**

စက်တင်ဘာလ စတုတ္ထပတ်အတွင်း ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၁၂၅၀၀၀၊ အကွဲအနာပါ တစ်တင်းလျှင် ကျပ် ၁၂၄၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၆၀၀၀ ဈေးနှုန်းကျဆင်းနေကြောင်း သိရသည်။

**ပဲစင်းငုံ**

စက်တင်ဘာလ စတုတ္ထပတ်အတွင်း ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၆၇၀၀၀၊ ပဲစင်းငုံဖြူ တစ်တင်းလျှင် ကျပ် ၆၅၀၀၀ နှင့် အောက်စ၊ တစ်တင်းလျှင် ကျပ် ၆၄၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းနှင့် တတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲစင်းငုံနီနှင့် ပဲစင်းငုံဖြူ တစ်တင်းလျှင် ကျပ် ၄၀၀၀ စီ ဈေးနှုန်းကျဆင်းကြောင်း သိရသည်။

**ပဲဇီးကွက်**

စက်တင်ဘာလ စတုတ္ထပတ်အတွင်း ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၉၉၀၀၀၊ အကွဲအနာပါလျှင် ကျပ် ၉၈၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲဇီးကွက်သီးနှံ တစ်တင်းလျှင် ကျပ် ၄၀၀၀ ကျဆင်းသွားကြောင်း သိရသည်။

**ပဲတီစိမ်း**

စက်တင်ဘာလ စတုတ္ထပတ်အတွင်း ပဲတီစိမ်းရိုးရိုး တစ်တင်းလျှင် ကျပ် ၇၃၀၀၀၊ ပဲတီစိမ်းထွက်တိုး တစ်တင်းလျှင် ကျပ် ၇၈၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ တတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်းရိုးရိုး တစ်တင်းလျှင် ကျပ် ၃၀၀၀ နှင့် ထွက်တိုးတစ်တင်းလျှင် ကျပ် ၄၀၀၀ ဈေးနှုန်း ဆက်လက်ကျဆင်းကြောင်းသိရသည်။

**မတ်ပဲ**

စက်တင်ဘာလ စတုတ္ထပတ်အတွင်း မတ်ပဲရိုးရိုးတစ်တင်းလျှင် ကျပ် ၇၃၀၀၀၊ မတ်ပဲ မျက်ကွင်းဖြူတစ်တင်းလျှင် ကျပ် ၇၇၅၀၀ နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တတိယပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မတ်ပဲရိုးရိုး တစ်တင်းလျှင် ကျပ် ၆၅၀၀ နှင့် မတ်ပဲ မျက်ကွင်းဖြူ တစ်တင်းလျှင် ကျပ် ၇၀၀၀ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။

**ပဲလွမ်းဖြူ**

စက်တင်ဘာလ စတုတ္ထပတ်အတွင်း ပဲလွမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀၊ အကွဲအနာပါ တစ်တင်းလျှင် ကျပ် ၉၉၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းနှင့် တတိယပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲလွမ်းဖြူတစ်တင်းလျှင် ကျပ် ၂၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

**မြေပဲဆန်**

စက်တင်ဘာလ စတုတ္ထပတ်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် မြေပဲလုံးများကို ဒေသတွင်းရှိ စိုက်ပျိုးတောင်သူများထံမှလည်းကောင်း၊ မန္တလေးမြို့နှင့် ရွှေဘိုမြို့တို့မှလည်းကောင်း ဝင်ရောက်လျက်ရှိကြောင်း၊ စက်တင်ဘာလ စတုတ္ထပတ်အတွင်း မြေပဲလုံးဆန်တစ်ပိဿာလျှင် ကျပ် ၇၇၀၀ နှင့် ၂၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၁၉၂၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း တတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်တစ်အိတ်လျှင် ကျပ် ၆၂၅၀ ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း သိရသည်။

**အစေ့ထုတ်ပြောင်း**

အစေ့ထုတ်ပြောင်းကို ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာနှင့် အခြားသောကျေးရွာများတွင် စိုက်ပျိုးလျက်ရှိပြီး C.P.808 နှင့် C.P.888 မျိုးတို့ကို အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

စက်တင်ဘာလ စတုတ္ထပတ်အတွင်း အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၂၆၀၀၀၊ ပြောင်းအရည်အသွေးညံ့လျှင် ကျပ် ၂၅၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ စက်တင်ဘာလ တတိယပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အစေ့ထုတ်ပြောင်း ဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း ဒေသတွင်း ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

**နေကြာ**

ဆီနေကြာစိုက်ပျိုးရာတွင် မိုးနေကြာနှင့် ဆောင်းနေကြာဟူ၍ နှစ်မျိုးရှိကြောင်း၊ ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးလျက်ရှိသည့် နေကြာမျိုးအနေဖြင့် ဆင်းရွှေကြာ-၂ မျိုးကို အများဆုံး စိုက်ပျိုးကြောင်း၊ သွင်းအားစုနှင့် မြေအနေအထားအပေါ်မူတည်၍ နေကြာအထွက်နှုန်း ကွာခြားမှုရှိကြောင်း သိရသည်။

စက်တင်ဘာလ စတုတ္ထပတ်အတွင်း ဆီနေကြာ တစ်တင်းလျှင် ကျပ် ၅၃၀၀၀၊ နေကြာညံ့လျှင် ကျပ် ၅၂၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဆီနေကြာ တစ်တင်းလျှင် ကျပ် ၂၀၀၀ ဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း၊ နေကြာသီးနှံကိုဆီကြိတ်၍ ကုန်ချောထုတ်လုပ်ပြီး ပိုလျှံသော နေကြာသီးနှံများကို ရွှေဘိုမြို့နှင့် မန္တလေးမြို့ရှိပွဲရုံများ၊ ကုန်စည်ဒိုင်များသို့ တင်ပို့လျက်ရှိကြောင်း ဒေသတွင်းပွဲရုံ လုပ်ငန်းများထံမှ သိရသည်။

**ဝင်းသန်း(ကျွန်းလှ)**

# ရောဝတီတိုင်းဒေသကြီးတွင် ဈေးကွက်ဝင် ဆီထွက်သီးနှံပဲပုပ် တိုးချဲ့စိုက်ပျိုး

ရောဝတီတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံ (မိုးနှင့်ဆောင်း) စုစုပေါင်းစိုက်ဧက ၁၆၂၆၆၁၆ ဧက စိုက်ပျိုးထုတ်လုပ်ပြီး ပဲပုပ်သီးနှံကို ဆောင်းသီးနှံအဖြစ် ၂၇၅၂၈ ဧက စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၌ပဲပုပ်သီးနှံ ကို ဧက ၁၀၀၀၀၀ ထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းလျာထားပြီး ဆောင်ရွက်လျက်ရှိသည်။

ပဲပုပ်သီးနှံသည် စပါးရိတ်ပြီး လယ်မြေ၌ ကျန်ရှိသော အစိုဓာတ်တွင် အလွယ်တကူ စိုက်ပျိုးနိုင်ပြီး ပရိုတင်းဓာတ် ကြွယ်ဝသော သီးနှံဖြစ်သလို ဆီပါဝင်မှုနှုန်းမှာလည်း ၁၂ ရာခိုင်နှုန်းမှ ၂၄ ရာခိုင်နှုန်းထိ ပါဝင်သည့်အတွက် ဆီထွက်သီးနှံလည်းဖြစ်သည်။ ပဲပုပ်ကို ပဲပုပ်ဆီ၊ ပဲနို့နှင့် ပဲပုပ်ခြောက်အဖြစ် ပြုလုပ်စားသုံးကြသည်။ ပဲပုပ်သီးနှံသည်မိုးရေချိန် ၂၄ လက်မမှ လက်မ ၆၀ အတွင်း စိုက်ပျိုးဖြစ်ထွန်းသဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် မုတ်သုံနှောင်းပိုင်းကာလတွင် စတင်စိုက်ပျိုးကြသည်။ အပင်သက်တမ်းမှာ စိုက်ပျိုးသည့် မျိုးအပေါ် မူတည်၍ စိုက်ပျိုးပြီး ၄၅ ရက်မှ ၁၅၀ ရက်အတွင်း ရင့်မှည့်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲကို ဧက ၉၂၈၆၀၊ နှမ်း ၂၃၁၃၇ ဧကနှင့် နေကြာ ၂၂၆၉၆၃ ဧကတို့ကို စိုက်ပျိုးပြီး ထွက်ရှိသီးနှံများကို စားသုံးဆီထုတ် လုပ်ခြင်းဖြင့်ဒေသ၏ စားသုံးဆီလိုအပ်ချက်ကို ၃၅ ဒသမ ၄၃ ရာခိုင်နှုန်းခန့် ဖြည့်ဆည်းနိုင်လျက်ရှိသည်။ ယခုကဲ့သို့ ဆီပါရာခိုင်နှုန်း မြင့်မားသော ပဲပုပ်သီးနှံကို စားသုံးဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်နိုင်ပါက ဒေသ၏ စားသုံးဆီဖူလုံမှုကို တိုးတက်စေမည်ဖြစ်သည်။ ဒေသတွင်း ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး၊ စားသုံးဆီ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးတို့အတွက် တိုင်းဒေသကြီးအတွင်း ပဲပုပ်စိုက်ပျိုးမှု အများဆုံးဖြစ်သော ဟင်္သာတမြို့၌ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် တိုင်းအတွင်း ၂၆ မြို့နယ်မှ ပဲပုပ်စိုက်တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဦးဆောင်ပြီး တောင်သူဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ပဲပုပ်ဈေးသည် ၂၀၂၃ ခုနှစ် ရာသီချိန်တွင် ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၆၀၀၀၀၊ ၂၀၂၄ ခုနှစ်တွင် ကျပ် ၈၀၀၀၀ နှင့် ၂၀၂၅ ခုနှစ်တွင် ကျပ် ၁၂၀၀၀၀ ထိ ဈေးမြင့်တက်လာခဲ့သည်။ တစ်ဧကကုန်ကျစရိတ်မှာလည်း ကျပ်ခြောက်သိန်းခန့်ရှိပြီး အထွက်နှုန်းမှာလည်း တစ်ဧကလျှင် ပျမ်းမျှ ၁၈ တင်းထိ ထွက်ရှိသဖြင့် တစ်ဧကလျှင် ကျပ် ၁၅ သိန်းခန့်ထိ တောင်သူများ အကျိုးအမြတ်ရလျက် ရှိသည်။

ပဲပုပ်သီးနှံကို ပုံမှန်အားဖြင့် မိုးစပါးရိတ်သိမ်းပြီးချိန် အောက်တိုဘာလကုန်ခန့်တွင်မှ စတင်စိုက်ပျိုးကြသော်လည်း တောင်သူများ၏ စိတ်အားထက်သန်မှုကြောင့် ဟင်္သာတခရိုင်တွင်းရှိ မြေနုကျွန်းများတွင် ရေကျလျှင် ကျချင်း ပဲပုပ်သီးနှံကို စတင်စိုက်ပျိုးခဲ့ကြရာ ၂၀၂၅ ခုနှစ် ဩဂုတ်လ တတိယသီတင်းပတ်တွင် ရေဆင်း ၁၅ မျိုး ၃၅၁၁ ဧက စိုက်ပျိုးပြီးစီးခဲ့သည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ပဲပုပ်တစ်တင်းဈေးမှာ ကျပ် ၁၂၀၀၀၀ ဈေးရလျက်ရှိသည့်အတွက် တောင်သူတို့ တွက်ချေကိုက် အကျိုးရှိမည့် သီးနှံလည်းဖြစ်သည်။

ပဲပုပ်သီးနှံကို ဧရာဝတီတိုင်းဒေသကြီး၌ ယခုနှစ်တွင် ဧက ၁၀၀၀၀၀ ထိ စိုက်ပျိုးရန်လျာထားပြီး ယခင်နှစ်ကထက် ဧက ၇၀၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြတ်ခိုင်**



# နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များ သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကျင်းပ

နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းက ယခုဖွင့်လှစ်ပို့ချမည့် သင်တန်းတွင် ပုဂ္ဂလိက ကဏ္ဍအသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား နှစ်နိုင်ငံ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ရနောင်း-ကော့သောင်း-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ တရားမဝင် ကုန်သွယ်မှု လျော့နည်းပပျောက်စေရေး၊ ကုန်သည်လုပ်ငန်းရှင်များ၏ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး သင်ကြားပို့ချပေးသွားမည်ဖြစ်သည့်အတွက် အကျိုးရှိမည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ သင်ကြားပို့ချမည့် ဘာသာရပ်များမှာ မိမိတို့ဝန်ကြီးဌာနအပြင် ကုန်သွယ်မှုနှင့် ဆက်နွှယ်နေသော အခြားဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပြင်ပဘာသာရပ် ကျွမ်းကျင်သူ ပညာရှင်များမှ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းနယ်ပယ် အသီးသီးရှိ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို အလေးထား သင်ကြားပို့ချပေးသွားမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ပို့ချမှုများအား စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြစေလိုပါကြောင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးများစွာ ရရှိအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ရုံးဖွင့်ရက်များဖြစ်သည့် တနင်္လာနေ့မှ သောကြာနေ့ထိ ဖွင့်လှစ်ပို့ချပြီး သင်တန်းကာလမှာ ၅ ရက်ကြာမြင့်ကာ စုစုပေါင်း သင်တန်းသားဦးရေ ၅၆ ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**TTI**

# မကွေးကုန်စည်ဒိုင်၏ မြေပဲ၊ နှမ်းမျိုးစုံ ဈေးနှုန်းအခြေအနေ



မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း မကွေးကုန်စည်ဒိုင်တွင် စလင်း၊ ဆင်ဖြူကျွန်း၊ သစ်ရာကောက်၊ နတ်မောက်၊ မိကျောင်းရဲ၊ လျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်တို့မှထွက်ရှိသော ပဲနှင့် နှမ်းမျိုးစုံတို့ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်တွင် မကွေးကုန်စည်ဒိုင်မှ သီးနှံဈေးနှုန်းများမှာ နှမ်းနက်စမုန် ၁၅ ပိဿာ တစ်တင်းလျှင် ကျပ် ၂၃၄၀၀၀-၂၃၇၀၀၀၊ နှမ်းဖြူ ၁၅ ပိဿာ တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀-၁၀၂၀၀၀၊ နှမ်းနီ ၁၅ ပိဿာ တစ်တင်း လျှင် ကျပ် ၁၀၇၀၀၀၊ နှမ်းညို(၁၅) ပိဿာ တစ်တင်းလျှင် ကျပ် ၉၀၀၀၀-၉၂၀၀၀ ဖြစ်၍ တစ်ပတ်လျှင် နှမ်းနက် (စမုန်) တန်ချိန် ၁၂၀ ခန့်၊ နှမ်းဖြူတန်ချိန် ၁၅၀ ခန့်၊ နှမ်းနီ(မကွေး) တန်ချိန် ၃၀ ခန့်၊ နှမ်းညိုတန်ချိန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းနှင့် လုံးဆန်နီတစ်ပိဿာလျှင် ကျပ် ၇၄၀၀-၇၅၀၀၊ လုံးဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၇၆၀၀-၇၇၀၀၊ မြေပဲဆန်(အောက်ကျ) တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၆၂၀၀ ဖြစ်၍ တစ်ပတ်လျှင် မြေပဲဆန်အုပ်စု စုစုပေါင်း တန်ချိန် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**လင်းကိုကိုဖြိုး(မကွေး)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၂၉-၉-၂၀၂၅)ရက်နေ့မှ (၅-၁၀-၂၀၂၅)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်

ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1165 |
| ငွေလဲနှုန်း | 3104 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,520,200 | 7.38 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 18,080,800 | 29.52 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 122,325,000 | 199.75 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,777,600 | 15.97 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 45 | 27,557,550 | 45.00 |
| ၁၂ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 70 | 42,867,300 | 70.00 |
| ၁၃ | ဘဏ်အတိုးနှုန်း | 1000 MTx CIF x ငွေလဲနှုန်း x 1.333% | 48,203,413 | 78.71 |
| | **အထွေထွေစရိတ်ပေါင်း** | | **287,563,263** | **469.58** |
| ၁၄ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,616,160,000** | **5,905.00** |
| | **စရိတ်စုစုပေါင်း** | | **3,903,723,263** | **6,374.57** |

## မြန်မာ့ဆိပ်ကမ်းတွင် ၁ .၁၀ . ၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | VIMC DIAMOND | ကုန်သေတ္တာ ၄၉၆ တင် ၁၂၅ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | HF SPIRIT | ကုန်သေတ္တာ ၄၄၂တင် ၇၄၄ ချဆဲ |
| | FSL KELANG | ကုန်သေတ္တာ ၄၇၀တင် ၇၄၀ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | OTANA BHUM | ကုန်သေတ္တာ ၈၂၀တင် ၇၉၆ ချဆဲ |
| | UNI ACTIVE | ကုန်သေတ္တာ ၆၉၀ တင် ၄၀၈ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၂) | ELITE | G/C တန်ချိန် ၅၇၇၀ ချရန်ရှိ |
| အလုံဆိပ်ကမ်းအမှတ်(၃) | PHU THANH-36 | ပဲမျိုးစုံတန်ချိန် ၆၀၀၀ တန်တင်ဆဲ |
| ရန်ကုန်နိုင်ငံတကာဆိပ်ကမ်း | PROPEL PROGRESS | ဆန်တန်ချိန် ၁၅၇၆၀ တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၁) | BEYPORE SULTAN | ကုန်သေတ္တာ ၄၄တင် ၅၁ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | HOANG ANH-01 | ဆန်တန်ချိန် ၁၉၀၀၀ တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | SINAR PANGANDARAN | ကုန်သေတ္တာ ၂၄၁တင် ၅၇၅ ချဆဲ |
| | XO LUCKY | ကုန်သေတ္တာ ၄၈၈ တင် ၅၂၆ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | ROTTERDAM TRADER | ကုန်သေတ္တာ ၈၉၉တင်၆၄၁ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | AGIA VALENTINA | ဆန်တန်ချိန် ၂၈၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | LIVERPOOL STRAIT | ဆန်တန်ချိန် ၂၇၃၇၃ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | WL PACIFIC | ဆန်တန်ချိန် ၁၆၀၀၀တန်တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | VIMC DIAMOND | ကုန်သေတ္တာ ၆၇ တင်၃၅၈ ချရန်(ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | FSL KELANG | ကုန်သေတ္တာ ၇၉ တင် ၁၇၈ ချရန်(ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | MT THERESA LIBRA | Molasses( ချောဆီ)တန်ချိန် ၁၆၀၀၀ချဆဲ |
| | TRUONG AN SHIP | ပြောင်းဖူးတန်ချိန် ၁၇၈၀၀ တန်တင်ဆဲ |
| သီလဝါဘက်စုံသုံးအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | SUN GRACE | Urea တန်ချိန်၄၀၀၀ ချဆဲ |
| Myanmar Kaung Hua ဆိပ်ကမ်းတံတား | DONG MINH | Urea တန်ချိန် ၂၀၀၀၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CLIPPER APOLLONIA | Urea တန်ချိန် ၃၀၀၀၀ ချရန် | CHINA | ၃၀.၉.၂၀၂၅ |
| JIU XU | ဆန်တန်ချိန် ၃၀၀၀၀ တန်တင်ရန် | AFRICA | ၂.၁၀.၂၀၂၅ |
| ANDREA ENTERPRISE | GBFS(Raw for Cement)တန်ချိန် ၂၈၅၀၀ ချရန် | CHINA | ၄.၁၀.၂၀၂၅ |
| MONOCEROS | Steel တန်ချိန် ၃၁၅၀၀ ချရန် | CHINA | ၈.၁၀.၂၀၂၅ |
| HAI NAM-87 | Urea တန်ချိန် ၂၇၁၃၂ ချရန် | OMAN | ၈.၁၀.၂၀၂၅ |
| CHAND DA 218 | Steel တန်ချိန် ၁၅၈၀၀ ချရန် | CHINA | ၉.၁၀.၂၀၂၅ |
| ADA STAR | Urea တန်ချိန် ၂၉၀၀၀ ချရန် | CHINA | ၁၂.၁၀.၂၀၂၅ |
| GOKOVA-M | ဆန်တန်ချိန် ၂၁၀၀၀ တန်တင်ရန် | CHINA | ၁၄.၁၀.၂၀၂၅ |
| JIN HAINZHONG | Steel+ G/C+Bag Cargo50418 တန်ချရန် | CHINA | ၁၆.၁၀.၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| FSL KELANG | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၁၀.၂၀၂၅ |
| VIMC DIAMOND | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၁၀.၂၀၂၅ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၁၀.၂၀၂၅ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၀.၂၀၂၅ |
| SITC RIZHAQ | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၀.၂၀၂၅ |
| SITC CAGAYA | SINGAPORE | သီလဝါဆိပ်ကမ်း | ၃.၁၀.၂၀၂၅ |
| MSC ANDEA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၀.၂၀၂၅ |
| NORD LEOPARD | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၄.၁၀.၂၀၂၅ |
| CAPE FPRBY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁၀.၂၀၂၅ |
| SINA BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁၀.၂၀၂၅ |
| AS SUMIRE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁၀.၂၀၂၅ |
| SINAR PANGANDARAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၁၀.၂၀၂၅ |
| SITC ZHI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၀.၂၀၂၅ |
| CAPE FELTON | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၁၀.၂၀၂၅ |

## ၁-၉-၂၀၂၅ မှ ၃၀-၉-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 2552 | 31 | - | - | 3 | 2586 |
| | Form AANZ | 45 | - | - | - | - | 45 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 586 | 10 | - | - | 2 | 598 |
| | Form AJ | 88 | - | - | - | - | 88 |
| | Form AK | 892 | 28 | - | - | - | 920 |
| | Form CHINA | 180 | - | - | - | - | 180 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 62 | 3 | - | - | - | 65 |
| | Form E | 1531 | 31 | - | - | 1 | 1563 |
| | Form Korea | 130 | 4 | - | - | - | 134 |
| | E Form D | 523 | - | - | - | - | 523 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **6591** | **107** | - | - | **6** | **6704** |





# ပုသိမ်မြို့၏ နာမည်ကျော် တာကိုင်းပုစွန်ချဉ် ဈေးကွက်အခြေအနေ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပြီး ပုစွန်အပါအဝင်ရေထွက်ပစ္စည်းများ အလွန်ပေါ်ကြွယ်ဝသော ဒေသဖြစ်သည်။ ဤသဘာဝအရင်းအမြစ်ကို အခြေခံ၍ ပုသိမ်မြို့သည် တာကိုင်းပုစွန်ချဉ်ဟူသော ဒေသတွင်း ထင်ရှားသည့် ထုတ်ကုန်တစ်ခုကို မွေးထုတ်နိုင်ခဲ့ပြီး ယခုအခါ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပသို့ပါ တင်ပို့နိုင်သည်အထိ နာမည်ကျော်ကြားလာသည်။

ပုသိမ်မြို့နယ် တာကိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသည် ပုစွန်ချဉ်လုပ်ငန်း၏ ဗဟိုချက်မဖြစ်သည်။ ကျေးရွာအသီးသီးရှိ အိမ်တွင်းမှသည် စက်ရုံအလတ်စားအထိ လုပ်ငန်းပေါင်း အနည်းဆုံး ၂၀ မှ ၃၀ ခန့်အထိ စနစ်တကျ လည်ပတ်လျက်ရှိကြောင်း သိရသည်။ ဤလုပ်ငန်းများသည် မိသားစုဝင်များဖြင့် စတင်လုပ်ကိုင်ကြပြီး ဈေးကွက်တိုးချဲ့လာသည်နှင့်အမျှ လုပ်သားငှားကာ စီးပွားဖြစ် ထုတ်လုပ်လာကြသည်။

တာကိုင်းပုစွန်ချဉ်အတွက် အဓိကအသုံးပြုသည်မှာ ပုစွန်ကျော့ (သို့) ပုစွန်ကလေးများဖြစ်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ သဘာဝအလျောက်ဖမ်းဆီးရရှိသော ပုစွန်များကို အဓိကထား အသုံးပြုသည်။ ပုစွန်များကို ဒေသခံ ငါးဖမ်းသမားများထံမှ တိုက်ရိုက်ဝယ်ယူပြီး လတ်ဆတ်မှုကို အလေးထားကြောင်း သိရသည်။

တာကိုင်းပုစွန်ချဉ်၏ ထူးခြားကောင်းမွန်မှုရခြင်းမှာ ပြုလုပ်သည့် နည်းစဉ်နှင့် သန့်ရှင်းမှုတို့ကြောင့်ဖြစ်သည်။ ပြုလုပ်နည်းမှာ ရှေးဦးစွာ ပုစွန်ကလေးများကို သေချာစွာ ဆေးကြောသန့်စင်ခြင်း၊ သန့်ရှင်းသော အိုးကြီးများ (သို့) ဒယ်အိုးကြီးများထဲသို့ ပုစွန်၊ ဆား၊ ထမင်းဆန်မှုန့် (သို့) ဆန်ဆေးရည်တို့ကို အတိုင်းအတာ မှန်ကန်စွာ ရောနှောထည့်သွင်းခြင်း၊ အချဉ်ပေါက်ချိန်ကို ရာသီဥတုအလိုက် သုံးရက်မှ ခုနစ်ရက်အထိ အတိအကျ ထိန်းသိမ်းထားခြင်း၊ ထုပ်ပိုးရာတွင် ရေစိုခံနိုင်ပြီး လေလုံသော ပလတ်စတစ်အိတ်များ (သို့) ဖန်ပုလင်းများဖြင့် သန့်သန့်ရှင်းရှင်း ထုပ်ပိုးကြပြီး အမှတ်တံဆိပ်များ တပ်ဆင်ကာ ဖော့ဖောင်းအိတ်များဖြင့် ထပ်မံထုပ်ပိုးပြီး ပို့ဆောင်ကြသည်။

တာကိုင်းပုစွန်ချဉ်၏ ဈေးကွက်အနေဖြင့် ပုသိမ်မြို့အတွင်းရှိ ကျေးရွာဈေးများနှင့် အဓိကဈေးကြီးများတွင် အမြဲတမ်း ဝယ်ယူရရှိနိုင်ခြင်း ၊ ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ကြီးများသို့ အဓိက တင်ပို့ရောင်းချသည်။

ရန်ကုန်ရှိကုန် တိုက်ကြီးများတွင်ပင် ဝင်ရောက်ရောင်းချနေသည့်အပြင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တောင် ကိုရီးယား စသည့်နိုင်ငံများရှိ မြန်မာ့အစားအစာ စားသောက်ဆိုင်များနှင့် ကုန်စုံဆိုင်များသို့ ပုံမှန်တင်ပို့လျက်ရှိသည်။ ပြည်ပသို့ တင်ပို့သည့် ထုတ်ကုန်များသည် စံချိန်စံညွှန်းနှင့် ကိုက်ညီအောင် ပိုမိုသန့်ရှင်းပြီး အရည်အသွေးမြင့်စွာ ထုပ်ပိုးထားသည်။

လုပ်ငန်းတစ်ခုအတွက် ကုန်ကျစရိတ်နှင့် အမြတ်အစွန်းမှာ ထုတ်လုပ်မှုပမာဏပေါ် မူတည်သော်လည်း ပုစွန်ချဉ်လုပ်ငန်းသည် အိမ်တွင်းမှစ၍ စီးပွားဖြစ် လုပ်ကိုင်နိုင်သည့် ဝင်ငွေကောင်းရှိသော လုပ်ငန်းဖြစ်သည်။ ပုစွန်ချဉ် ၁၀ပိဿာ ထုတ်လုပ်ရန် ကုန်ကျစရိတ်အနေဖြင့် ကုန်ကြမ်းနှင့် အခြားစရိတ်များ စုစုပေါင်း ကျပ် ၇၀၀၀၀ ခန့်ကုန်ကျပြီး ရောင်းဈေး ၁၀ ကျပ်သားလျှင် ကျပ် ၂၀၀၀ မှ ၂၅၀၀ အထိ ရနိုင်ကာ ကျပ် ၁၃၀၀၀၀ မှ ၁၈၀၀၀၀ အထိ အမြတ်အစွန်း ရရှိနိုင်ကြောင်း ခန့်မှန်း ရသည်။ ပြည်ပသို့ တင်ပို့ပါက ပို၍အမြတ်အစွန်း များပြားသည်။

တာကိုင်းပုစွန်ချဉ်သည် ဧရာဝတီတိုင်းဒေသကြီး၏ ဂုဏ်ယူစရာ ဒေသထွက်ကုန်တစ်ခုအဖြစ် ရပ်တည်နေပြီဖြစ်သည်။ အနာဂတ်တွင် ထုတ်လုပ်မှုစံချိန်စံညွှန်းများ ပိုမိုပြဋ္ဌာန်းခြင်း၊ ပြည်ပဈေးကွက်ကို ပုံမှန်နှင့် ပိုမိုတိုးချဲ့နိုင်ရန် ထုတ်ကုန်ဒီဇိုင်းနှင့် ထုပ်ပိုးမှုကို ခေတ်မီတိုးတက်အောင် ပြုလုပ်ခြင်း၊ အွန်လိုင်းမှ တစ်ဆင့် တိုက်ရိုက်ရောင်းချခြင်းများ ပြုလုပ်နိုင်မည်ဆိုပါက ဤထူးခြားသော မြန်မာ့အစားအစာသည် ကမ္ဘာ့ဈေးကွက်ထဲသို့ ပိုမိုခိုင်မာစွာ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ယွန်းပပအောင်၊ DOCA (ဧရာဝတီ)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၁-၁၀-၂၀၂၅ မှ ၇-၁၀-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 320 - 330 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 290 - 300 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 270 - 280 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 325 - 335 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 320 - 325 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 315 - 320 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 310 - 315 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 325 - 330 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 300 - 310 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 325 - 330 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 320 - 325 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 315 - 320 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 310 - 315 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 320 - 330 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 305 - 310 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 440 - 450 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 430 - 440 | |
| 24 | A-1 , 2 (Sortexed) | 285 - 290 | |
| 25 | B-1 , 2 (Sortexed) | 270 - 280 | |
| 26 | B-1,2 (Non-Sortexed) | 250 - 260 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်




# ရွှေဘိုမြို့ ပဲဈေးကွက် ဈေးနှုန်းတည်ငြိမ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ဈေးကွက်တွင် စက်တင်ဘာလအတွင်း ပဲမျိုးစုံဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့ ဈေးကွက်အတွင်း စက်တင်ဘာ စတုတ္ထအပတ်တွင် ကုလားပဲဆန်ဈေးနှုန်းမှာ တစ်ပြည်လျှင်ကျပ် ၈၁၀၀ နှင့် တစ်တင်း လျှင် ကျပ် ၁၂၉၆၀၀ ကုလားပဲလုံး ဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၆၀၀၀ နှင့် တစ်တင်းလျှင် ကျပ် ၉၆၀၀၀ ၊ စားတော်ပဲဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၉၀၀၀ နှင့် တစ်တင်းလျှင် ကျပ် ၁၄၄၀၀၀၊ စားတော်ပဲလုံးရေစိမ်ဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၅၀၀၀၊ ပုဂံပဲဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၉၅၀၀ နှင့် တစ်တင်းလျှင် ကျပ် ၁၅၂၀၀၀၊ ပဲတီဆံဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၉၅၀၀ နှင့် တစ်တင်းလျှင် ကျပ် ၁၅၂၀၀၀၊ ပဲကျားဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၈၅၀၀ နှင့် တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀၊ ပဲနီလေးဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၁၆၅၀၀ နှင့် တစ်တင်းလျှင် ကျပ် ၂၆၄၀၀၀၊ ပဲနီပြားဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၁၁၀၀၀ နှင့်တစ်တင်းလျှင် ကျပ် ၁၇၆၀၀၀၊ ပဲဖြူပြားဈေးနှုန်းမှာ တစ်ပြည်လျှင် ကျပ် ၈၅၀၀ နှင့်တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဖြစ်ကြောင်း သိရှိရပြီး ပဲမျိုးစုံဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**





# ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်မည့် တန်ဖိုးမြှင့်ထုတ်ကုန် အုန်းပင်ထွက် ပစ္စည်းများ

**သင်းသင်းအောင် (ပြည်)**

နိုင်ငံတော်၏ စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်အတွက် အဓိကအားဖြင့် နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားမှုရှိရန် လိုအပ်သည်။ နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရေးအတွက် နိုင်ငံတော်တွင် လူသားအရင်းအမြစ်များအား ခေတ်မီနည်းပညာများကို အသုံးပြုနိုင်အောင် လေ့ကျင့်မွေးထုတ်ပေးပြီး ခေတ်မီနည်းပညာများကို အသုံးပြုရန် လိုအပ်သည်။

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထုတ်လုပ်မှုစွမ်းအားကို မြင့်မားစေရန်ဆောင်ရွက်နေသည်ကို ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအနှံ့အပြားတွင် တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သဖြင့် အဓိက စီးပွားရေးကဏ္ဍမှာ လယ်ယာကဏ္ဍဖြစ်ပြီး စားနပ်ရိက္ခာ ဖူလုံကြွယ်ဝရေးအတွက် သားငါးကဏ္ဍ သည်လည်း အရေးပါသလို လက်မှုလယ်ယာမှ စက်မှုလယ်ယာ IT နည်းပညာစနစ်သို့ အသွင်ကူးပြောင်း လုပ်ဆောင်နေကြပြီဖြစ်သည်။

နိုင်ငံတော်၏ ကုန်သွယ်မှုစွမ်းအားကို တိုးတက်မြင့်မားစေရန် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added Product)ကို အရည်အသွေးကောင်းများ၊ ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်အသုံးပြုပါက ထုတ်ကုန်များကို ပြည်ပသို့ ရောင်းချနိုင်မည့်အပြင် နိုင်ငံတော်အတွက် ပို့ကုန်အမယ်များရရှိလာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေမည်ဖြစ်သည်။ ထို့ကြောင့် လူသားတို့အတွက် အသုံးပြုစရာ ပစ္စည်းအမျိုးမျိုးရရှိနိုင်သော အုန်းပင်အကြောင်း လေ့လာသိရှိခဲ့ရသည်။ အသုံးပြုစရာ ပစ္စည်းအမျိုးမျိုး ရနိုင်သော အုန်းပင်ကို ပဒေသာပင်ဟု တင်စားခေါ်ကြ သည်။ စီးပွားကုန်သွယ်ရေးသမားများက ကမ္ဘာပေါ်တွင် အုန်းပင်ထက် အသုံးဝင်သော အပင်မရှိဟု တင်စားပြောဆိုကြသည်။

လူသားတို့ စားသုံးနိုင်သော အသုံးပြုနိုင်သော အုန်းပင်ကို နေရာဒေသမရွေး စိုက်ပျိုးကြောင်းသိရသည်။ အုန်းပင်သည် ထန်းပင်၊ ပေပင်တို့နှင့် ဆင်တူသည်။ ၁၂ ရာသီ အမြဲစိမ်းလန်းနေပြီး ဖြောင့်မတ်၍ မြင့်မားသော ပင်စည်ရှိသည်။ အုန်းပင်တစ်ပင်တွင် အုန်းလက် ၂၀ မှ ၂၅လက်အထိရှိနိုင်သည်။ အုန်းလက် တစ်လက်သည် ၁၀ ပေမှ ပေ ၂၀ အထိ ရှည်လျားကြောင်းသိရသည်။ သာမန်အုန်းပင်များမှာ ခြောက်နှစ်၊ ခုနစ်နှစ်ခန့်မှ အသီးသီးသည်။ အသီးလှိုင်လှိုင်သီးသည့် အရွယ်မှာ ၁၅ နှစ်သားခန့်တွင် လှိုင်လှိုင်သီးကြောင်း သိရသည်။ နှစ် ၇၀ မှ ၈၀ အထိ သက်တမ်းရှည်ကြောင်း သိရသည်။ နှစ်စဉ် တစ်ပင်လျှင် ပျမ်းမျှအသီး ၅၀ မှ ၆၀ အထိ သီးလေ့ရှိသည်။ တစ်နှစ်လျှင် အသီး ၂၀၀ ထွက်သော အုန်းမျိုးနှင့် သုံးနှစ်လျှင် အသီးသီးသော အုန်းမျိုးလည်းရှိသည်။ အုန်းပင်စိုက်ထားလျှင် တစ်သက်လုံး အမြတ်ရသွားနိုင်သော အပင်မျိုးဖြစ်သည်။

အုန်းပင်တစ်ပင်လုံး အမျိုးမျိုးအသုံးချနိုင်ကြောင်း သိရသည်။ ယခုကဲ့သို့စက်မှု၊ လက်မှုထွန်းကားသောအချိန်တွင် အုန်းပင်နှင့်ပတ်သက်သော အရာများကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာကြသည်။ အုန်းအပေါ်ခွံကို အုန်းဆံပြုလုပ်၍ အုန်းဆံကြိုး၊ ခြေသုတ်ဖုံ၊ အုန်းခွံနှင့်ပြုလုပ်သော တံမြက်စည်း၊ ကော်ဇော၊ မွေ့ရာ၊ ထိုင်ခုံ အမျိုးမျိုး ပြုလုပ်ရနိုင်ကြောင်းသိရသည်။ အုန်းမှုတ်ခွံ (အစေ့ခွံ)ကို ကြယ်သီး၊ ပုတီးကုန်း၊ စိပ်ပုတီးများလည်း ပြုလုပ်ကြကြောင်း သိရသည်။ အုန်းသီး၏ အတွင်းသား အုန်းသီးဆံကို မုန့်များပြုလုပ်ရာတွင် ထည့်သွင်း၍ အသုံးပြုကြသလို ဆီကြိတ်၍ ခေါင်းလိမ်းရန်၊ ဟင်းချက်ရန်၊ ဆပ်ပြာချက်ရန် အသုံးပြုကြသည်။

အုန်းလက်မှ နေအိမ်အဆောက်အအုံများ၊ တံမြက်စည်း၊ တောင်း၊ ပလုံးစသော အိမ်သုံးပစ္စည်းအမျိုးမျိုးကို အုန်းပင်ထွက်ပစ္စည်းများမှ ပြုလုပ်ကြသည်။ အုန်းထွက်ပစ္စည်းများထဲမှ အုန်းသီးဆံခြောက်သည် ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ကြောင်း သိရသည်။ အုန်းသားခြောက်တွင် အုန်းဆီပါဝင်မှုရာခိုင်နှုန်း ၅၀ မှ ၆၀ အထိရှိနိုင်သည်။ အုန်းသားခြောက်မှ အုန်းဆီဖြင့် ဆပ်ပြာချက်လုပ်ခြင်း၊ ထောပတ် ချက်လုပ်ခြင်း၊ ဖယောင်း တိုင်နှင့် လိမ်းဆေးများ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြသည်။ ဆီထုတ်ယူပြီးသော အုန်းသားခြောက် အဖတ်များကို နွားစာအဖြစ် အသုံးပြုကြကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် အုန်းပင်ကိုသာမက အုန်းသီးတစ်လုံးကိုပင် အမျိုးမျိုး အသုံးပြုကြသည်။ မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာပွဲသဘင်များ၊ အမွန်မြတ်ထားသည့် ကန်တော့ပွဲများတွင် အုန်းပွဲ များထိုးကြသည်။ ထုံးတမ်းစဉ်လာအရ အုန်းသီး၊ အုန်းပန်း၊ အုန်းရွက်တို့သည် မပါလျှင်မပြီးသော ပစ္စည်းများဖြစ်သည်။ မြန်မာမုန့်များတွင်လည်း အုန်း အတွင်းသား(အုန်းသီးဆံ)အုန်းနို့၊ အုန်းရည်တို့ကို ထည့်၍ နှစ်ခြိုက်စွာ စားသုံးကြသည်။

မြန်မာနိုင်ငံတွင် စီးပွားဖြစ်အုန်းခြံများအဖြစ် အသုံးပြုမှု နည်းနေသေးသော်လည်း တစ်ပိုင်တစ်နိုင် စိုက်ကွင်းများတွင် စိုက်ပျိုးလျက်ရှိသည်သာမက နေအိမ်ခြံဝင်းအတွင်း တစ်ပင်စ၊ နှစ်ပင်စ အိမ်တိုင်းလိုလိုတွင် စိုက်ပျိုးကြသည်။ ကမ္ဘာပေါ်တွင် အုန်းအများဆုံး စိုက်ပျိုးသည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည်လည်း ပါဝင်ကြောင်း သိရသည်။

> **နိုင်ငံတော်၏ ကုန်သွယ်မှုစွမ်းအားကို တိုးတက်မြင့်မားစေရန် တန်ဖိုးမြှင့်ထုတ်ကုန်များ(Value Added Product)ကို အရည်အသွေးကောင်းများ၊ ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်အသုံးပြုပါက ထုတ်ကုန်များကို ပြည်ပသို့ ရောင်းချနိုင်မည့်အပြင် နိုင်ငံတော်အတွက် ပို့ကုန်အမယ်များ ရရှိလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေမည်ဖြစ်သည်။**

အုန်းပင်မှ ထုတ်လုပ်ရရှိနိုင်သော ပစ္စည်းများ-

(က) **လတ်ဆတ်သော အုန်းသီး**

ပြည်တွင်းဈေးကွက်တွင် အရောင်းရဆုံး အသီးဖြစ်သည်။ အုန်းစိမ်းရည်သောက်သုံးမှုမှသည် ဘုရားပွဲ၊ နတ်ပွဲ၊ အထိမ်းအမှတ်ပွဲများအထိ အသုံးပြုပြီး အုန်းသကြား၊ အုန်းဂျယ်လီ၊ အုန်းသီးကိုခြစ်၍ မုန့်ပဲသရေစာများ ပြုလုပ်ရာတွင် အသုံးပြုကြသည်။

(ခ) **အုန်းဆီ**

မြန်မာနိုင်ငံတွင် ခေါင်းလိမ်းဆီအနေဖြင့် အများဆုံး အသုံးပြုကြပြီး စားသုံးဆီအနေနှင့် အသုံးပြုမှု နည်းနေဆဲဖြစ်သည်။

(ဂ) **အုန်းနို့**

အုန်းနို့ကိုမူ အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်းနှင့် အုန်းနို့ကျောက်ကျောများပြုလုပ်ရာတွင် အသုံးပြုကြသည်။

(ဃ) **အုန်းဆံသားခြောက်**

အုန်းသီးဆံများမှ ပရုတ်ဆီ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ အလှကုန်အမျိုးမျိုး၊ လူသုံးကုန်အမျိုးမျိုး ထုတ်လုပ်နိုင်ကြောင်း သိရသည်။

(င) **အုန်းသီးခွံ**

အုန်းခွံများကို ‘အုန်းမှုတ်ခွက်နင်း၊ ရောဂါကင်း’ဟူသော ဆောင်ပုဒ်နှင့်အညီ အုန်းမှုတ်ခွက်များကိုလှပ သေသပ်စွာ ကျန်းမာရေးနှင့်လျော်ညီအောင် ပြုပြင်ပြီး ဈေးကွက်တွင် ရောင်းချသည်။

(စ) **အုန်းတံမြက်စည်း**

အုန်းတံမြက်စည်းကို မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းများဖြင့် ဈေးကွက်သို့ ရောင်းချကြသည်။ အမှိုက်လှည်းရန် အသုံးဝင်သောကြောင့် စီးပွားဖြစ် လုပ်ကိုင်ကြသည်။ အုန်းတံမြက်စည်း တစ်ချောင်းလျှင် ကျပ် ၄၅၀၀ - ၅၀၀၀ ဖြင့် ဈေးကွက်တွင် ဝယ်ယူရရှိနိုင်သည်။

မြန်မာနိုင်ငံ ဒေသအလိုက် အုန်းသီးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေအရ ပဲခူးတိုင်းဒေသကြီး အတွင်းတွင် စိုက်ဧက ၆၆၉၂ ဧကစိုက်ပျိုးပြီး တစ်ဧကတွင် အလုံးအရေအတွက် ၄ ဒသမ ၇၅၉ ထွက်ရှိကြောင်း သိရသည်။ ဈေးကွက်အတွင်း ရောင်းချနေသော အုန်းသီးဈေးနှုန်းများမှာ ကျပ် ၅၀၀၀ - ၅၅၀၀ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် (MSMEs) စီးပွားရေး လုပ်ငန်းများဖြစ်သော အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းများ တန်ဖိုးမြှင့် ထုတ်ကုန်များကို ထုတ်လုပ်ဖြန့်ဖြူးပြီး ပြည်ပသို့ တင်ပို့နိုင်အောင် ကြိုးစားပြီး ပြည်ပဝင်ငွေကိုလည်း ရရှိအောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အုန်းပင်များ စိုက်ပျိုးပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးကို လုပ်ဆောင်သွားကြရန် တိုက်တွန်းအကြံပြုလိုက်ရပါသည်။

# ပြည်ခရိုင်တွင် မြေပဲနှင့် နှမ်း ဈေးကျ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အနေဖြင့် ဩဂုတ်လ နောက်ဆုံးပတ်တွင် မိုးမြေပဲများ စတင်ထွက်ပေါ်လာနေပြီဖြစ်ပြီး ပြည်ဈေးကွက်သို့ မိုးမြေပဲများကို ခရိုင်အတွင်း မြို့နယ်များ ဖြစ်သော ရွှေတောင်၊ ပေါက်ခေါင်းနှင့် အခြားတိုင်းဒေသကြီးများဖြစ်သော မြန်အောင်၊ ကြံခင်းဘက်မှ တစ်ရက်လျှင် မြေပဲဆန်အိတ် ၃၀၀-၄၀၀ ခန့် အဝင်ရှိပြီး ဝင်သလောက် အရောင်း အဝယ် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်နှင့် မန္တလေးဘက်မှ ဝယ်လက်များကလည်း ဝယ်ယူမှုရှိခြင်း၊ ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များကလည်း ဝယ်ယူမှုရှိခြင်းတို့ကြောင့် ပြည်ဒေသရှိ ပွဲရုံနှင့် ဈေးကွက်များတွင် ပုံမှန်ရောင်းဝယ်လျက်ရှိသည်။ မြေပဲဆန်ဈေးနှုန်းများ အနေဖြင့် စက်တင်ဘာလ နောက်ဆုံးပတ်တွင် ဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ဆီဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၆၈၀၀-၆၉၀၀ နှင့် လုံးဆန် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၇၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်နှစ်ဖြစ်သော ၂၀၂၄ ခုနှစ် စက်တင်ဘာလနောက်ဆုံးပတ်တွင် ဆီဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၇၄၀၀၊ ဆီဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၇၂၀၀ နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၈၄၀၀၊ လုံး(အနီ) တစ်ပိဿာလျှင်ကျပ် ၈၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ယခုနှစ်တွင် မြေပဲဆန် ဆီဆန်(အဖြူ)တစ်ပိဿာ ကျပ် ၄၀၀၊ ဆီဆန် (အနီ)တစ်ပိဿာ ကျပ် ၄၀၀-၅၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာ ကျပ် ၉၀၀ နှင့် လုံးဆန်(အနီ)တစ်ပိဿာ ကျပ် ၇၀၀ ခန့် ဈေးများကျဆင်းလာခဲ့သည်။ ယခင်နှစ်က မြေပဲဈေးများ မြင့်တက်လာရခြင်းမှာ အထွက်နှုန်းနည်းပြီး နယ်ဝယ်လိုအားများလာခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။

ပြည်ဈေးကွက်ရှိ ဆီထွက်သီးနှံ တစ်မျိုးဖြစ်သော နှမ်းသီးနှံမှာ ယခုအချိန်တွင် ပြည်ဈေးကွက်သို့ မိုးနှမ်းအသစ်များ နေ့စဉ် ဝင်ရောက်မှုရှိပြီး တစ်ရက်လျှင် အိတ် ၅၀၀ ခန့် ဝင်ရောက်မှုရှိကြောင်း သိရသည်။

မိုးနှမ်းသစ်များ နေ့စဉ်ဝင်ရောက်မှုရှိသလို မိုးညို၊ မြန်အောင်၊ ကြံခင်းနှင့် နတ်တလင်းဘက်မှ နှမ်းနက်များလည်း ဝင်ရောက်မှုရှိသည်။ ဝင်ရောက်လာသည့် နှမ်းနက်များကို အောင်လံ၊ မန္တလေး ဝယ်လက်များက အများဆုံးဝယ်ယူပြီး ရန်ကုန်ဝယ်လက်များက အနည်းငယ်သာဝယ်ယူကြောင်း သိရသည်။

ပြည်ခရိုင်အတွင်း နှမ်းနက်သာ အများအပြားစိုက်ပျိုးပြီး ဆီကြိတ်နှမ်းနီကို အနည်းငယ်သာ စိုက်ပျိုးကြသဖြင့် ဆီစက်သမားများက ဆီကြိတ်ရန် လိုအပ်ချက်ရှိသည့်အခါ အခြားမြို့နယ်များမှ ဝယ်ယူ၍ ကြိတ်ခွဲကြကြောင်း သိရသည်။

နှမ်းဆီကို ပြည်ခရိုင်တွင် စားသုံးမှုနည်းသော်လည်း အခြားဆီများဖြင့် ရောစပ်၍ ရောင်းချသည့်အခါ ဝယ်ယူကြကြောင်း သိရသည်။ နှမ်းဈေးနှုန်းများအနေဖြင့် ယခု စက်တင်ဘာလနောက်ဆုံးပတ်တွင် နှမ်းနီတစ်တင်းလျှင် ကျပ် ၁၁၀၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၂၀၀၀၀၀ နှင့် စမုန်နက်နှမ်း တစ်တင်းလျှင် ကျပ် ၂၁၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဩဂုတ်နောက်ဆုံးပတ်နှင့် နှိုင်းယှဉ်ပါက နှမ်းဈေးနှုန်းများ ကျဆင်းလာကြောင်း သိရသည်။ ယခုလို နှမ်းဈေးများ ကျဆင်းလာရခြင်းမှာ နှမ်းအထွက် လှိုင်ချိန်ဖြစ်ခြင်း၊ ဈေးကွက်မှ နှမ်းလက်ကျန်များလာသဖြင့် ဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**



# ဝါသီးနှံ စိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းဝါသီးနှံကို မိုးကြို၊ မိုးနှောင်းဝါဟူ၍ စိုက်ပျိုးကြရာ စက်တင်ဘာလတွင် မိုးကြိုဝါရာသီကုန်ပြီး မိုးဝါမှာလည်း အောက်တိုဘာလတွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မိုးကြိုဝါကို မတ်လ၊ ဧပြီလများက စိုက်ပျိုးခဲ့ပြီး ဇူလိုင်၊ ဩဂုတ်လများတွင် ကောက်သိမ်းခဲ့ကြောင်း၊ မိုးကြိုဝါ ဈေးကွက်တွင် တစ်ပိဿာ ကျပ် ၃၅၀၀ မှ ၄၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ရမည်းသင်းမြို့ပေါ်တွင် ဝါကုန်သည်ကြီးများမှ ဝါကိုကြိတ်၍ မန္တလေးမြို့ရှိ ချည်မျှင်စက်များ၊ စက်မှုဝန်ကြီးဌာန ချည်မျှင်စက်နှင့် တပ်မတော်ချည်မျှင်စက်များသို့ ပြန်လည်ပေးသွင်းရောင်းချကြသည်။

ယခုနှစ် ဝါဂွမ်းဈေးအနေဖြင့် ပုဂ္ဂလိကစက်ရုံများသို့ ရောင်းဈေးမှာ တစ်ပိဿာလျှင် ကျပ် ၈၀၀၀ မှ ၉၅၀၀ ဖြစ်သည်။ စက်မှုဝန်ကြီးဌာန တင်ဒါဈေးအနေဖြင့်တစ်ပိဿာ ကျပ် ၁၁၉၀၀ ဖြင့် ပေးသွင်းရကြောင်း သိရသည်။ ရမည်းသင်းခရိုင်အတွင်း ဝါသီးနှံကို ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးကြိုဝါစိုက်ဧက ၃၈၉၉ ဧကမှ တစ်ဧကအထွက်နှုန်း ပိဿာ ၃၀၀ ခန့်ထွက် ရှိကြောင်း၊ မိုးဝါကို ဩဂုတ်လကုန်အထိ ၁၂၇၅ ဧက စိုက်ပျိုးထားရာ အောက်တိုဘာလတွင် စတင်ထွက်ပေါ်မည်ဖြစ်ကြောင်း သိရသည်။

မိုးဝါကို ယခုနှစ် မိုးများသည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အစိုက်နည်းကာ အထွက်နှုန်းမှာလည်း ကျဆင်းနိုင်ကြောင်းနှင့် ယခင်နှစ်က တစ်ဧကလျှင် ပိဿာ ၄၃၀ ကျော် ထွက်ရှိကြောင်း သိရသည်။

**သင်းသင်းမြတ်**
**( MDY DOCA)**



# ဆန်စက်လုပ်ငန်းနှင့် MSME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးမည်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့စီးပွားရေးဘဏ်မှ ဆန်စက်လုပ်ငန်းများ အပါအဝင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME ) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချေးငွေမူဝါဒနှင့် ကိုက်ညီမှုရှိသည့် လုပ်ငန်းရှင်များသို့ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (မန္တလေးတိုင်းဒေသကြီးရုံး) မှ အသိပေးထုတ်ပြန်ထားသည်။

ဆန်စက်လုပ်ငန်းများအပါအဝင် MSME လုပ်ငန်းများမှ ပြည်တွင်းတွင် လိုအပ်သောစက်ပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းလိုခြင်း၊ လုပ်ငန်းများ ပိုမိုတိုးချဲ့လိုခြင်းအတွက် လုပ်ငန်းရှင်များအနေဖြင့် ချေးငွေများရယူနိုင်ကြောင်း သိရသည်။

ယင်းအစီအစဉ်အရ JICE MSME Two Step Loan ချေးငွေစနစ်ဖြင့် အများဆုံးကျပ်သန်း ၅၀၀၊ MSME ဖွံ့ဖြိုးတိုးတက်ရေးချေးငွေစနစ်ဖြင့် အများဆုံး ကျပ်သန်း ၁၀၀ ထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၊ မြို့နယ်ဘဏ်ခွဲများတွင် လျှောက်ထားရယူနိုင်ကြောင်း အသိပေးထားသည်။ **ကိုတိုး**

# ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းသစ်များရရှိမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ငါးခု ခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၄၆၈ နေရာအတွက် အလုပ်ရရှိမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ငါးခုကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးတွင် ခွင့် ပြုပေးခဲ့ကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ စက်မှုကဏ္ဍတွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ၁၀၀ ရာခိုင်နှုန်း ပြည်ပတင်ပို့မည့် ပဲအမျိုးမျိုးနှင့် နှမ်း၊ သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆန်ထွက်ပစ္စည်းများ ကြိတ်ခွဲသန့်စင်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ Mattress နှင့်Foam အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် wearing apparel အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ မြန်မာငွေကျပ် ၆၄၇၃ ဒသမ ၈၀၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၉၃ သန်းဖြစ်ပြီး အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ မြင့်မည့် လုပ်ငန်းနှစ်ခုအပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၂၄ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုတိုး**

# စက်သုံးဆီ (တတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၂၅ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၇၅၈ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အောက်တိုဘာ ၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၈၈၆ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း စက်တင်ဘာ ၂၅ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၀၇၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ အောက်တိုဘာ ၁ ရက် တွင် ကျပ် ၈၀၅၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇၅ ဘီလီယံရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားခဲ့သည်ကို တွေ့ရှိရသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၅-၉-၂၀၂၅ | ၂၆-၉-၂၀၂၅ | ၂၉-၉-၂၀၂၅ | ၃၀-၉-၂၀၂၅ | ၁-၁၀-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၂.၁၈၄ | ၃၂.၂၃၈ | ၃၂.၂၄၈ | ၃၂.၃၃၈ | ၃၂.၃၃၈ | ၀.၄၈ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၂၈၈ | ၁.၂၉၄ | ၁.၂၉၀ | ၁.၂၈၉ | ၁.၂၈၉ | ၀.၀၈ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၂၁၇ | ၄.၂၂၂ | ၄.၂၁၂ | ၄.၂၁၀ | ၄.၂၁၀ | -၀.၁၇ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၆၇၆၀ | ၁၆၇၃၃ | ၁၆၆၆၇ | ၁၆၆၆၇ | ၁၆၆၆၇ | -၀.၅၆ | ↓ |
| ၆ | Chinese Yuan | CNY | ၇.၁၂၇ | ၇.၁၃၅ | ၇.၁၁၈ | ၇.၁၁၈ | ၇.၁၁၈ | -၀.၁၃ | ↓ |
| ၇ | Indian Rupee | INR | ၈၈.၆၈၂ | ၈၈.၆၈၂ | ၈၈.၇၂၀ | ၈၈.၇၅၇ | ၈၈.၇၅၇ | ၀.၀၈ | ↑ |
| ၈ | Japanese Yen | JPY | ၁၄၈.၇၀၅ | ၁၄၉.၈၆၅ | ၁၄၈.၅၄၅ | ၁၄၇.၉၂၀ | ၁၄၇.၉၂၀ | -၀.၅၃ | ↓ |
| ၉ | Australian Dollar | AUD | ၁.၅၁၇ | ၁.၅၃၂ | ၁.၅၂၂ | ၁.၅၁၃ | ၁.၅၁၃ | -၀.၂၆ | ↓ |
| ၁၀ | Euro | EUR | ၀.၈၅၁ | ၀.၈၅၇ | ၀.၈၅၃ | ၀.၈၅၁ | ၀.၈၅၁ | ၀.၀၀ | - |
| ၁၁ | Pound Sterling | GBP | ၀.၇၄၃ | ၀.၇၄၉ | ၀.၇၄၄ | ၀.၇၄၄ | ၀.၇၄၄ | ၀.၁၃ | ↑ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်ထိ ရက်သတ္တပတ်အတွင်း ၄၀၆၀-၄၀၇၀ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၁ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၆ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဖြင့်လည်းကောင်း၊ ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၄ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့ သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဆန်းပိုင်းတွင် ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၅၉မှ ၃၅၉ နှင့် ၃၆၂ မှ ၃၆၂ ဖြင့် တည်ငြိမ်လျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉ မှ ၃၅၇ သို့မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုင်းနိုင်ငံတွင် ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၆ မှ ၃၇၇၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၁ မှ ၃၆၂၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ မှ ၃၅၇ နှင့် ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ မှ ၃၇၁၊ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ မှ ၃၇၉ နှင့် ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ မှ ၃၅၇၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ မှ ၃၅၅ သို့ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၅၉ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အစိုးရဆန်ဝယ်ယူရေး လုပ်ကိုင်သည့် ဌာနသည် ဆန်မက်ထရစ်တန်ချိန် ၅၀၀၀၀ ဝယ်ယူရန် နိုင်ငံတကာ အဝယ်တင်ဒါတစ်ရပ်ကို ခေါ်ယူခဲ့ကြောင်း ဥရောပကုန်သည်များက စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့ပြီး ဈေးနှုန်းကမ်းလှမ်းမှုများတင်သွင်းရန် နောက်ဆုံးရက်မှာ အောက်တိုဘာ ၆ ရက်ထိဖြစ်ကြောင်း၊ အဆိုပါတင်ဒါတွင် ဘာစမာတီမဟုတ်သော ပေါင်းဆန်ကို စစ်တကောင်း ဆိပ်ကမ်း နှင့် မိုင်းလား ဆိပ်ကမ်းများသို့အရောက် သဘောတင်စရိတ်၊ အာမခံကြေးနှင့် သယ်ယူပို့ဆောင်ရေး စရိတ်များ ပါဝင်ပြီးဖြစ်သော ဆိပ်ကမ်းအရောက် CIF ဈေးနှုန်းများဖြင့် ဖော်ပြပေးရန် ကမ်းလှမ်းထားကြောင်း သိရှိရသည်။

ဆန်တင်သွင်းမှု အရင်းအမြစ်အဖြစ် အစ္စရေးနိုင်ငံမှအပ ကမ္ဘာ့မည်သည့် ပင်ရင်းဒေသမှမဆို တင်ပို့နိုင်ပြီး စာချုပ်ချုပ်ဆိုပြီးနောက် ရက်ပေါင်း ၄၀ အတွင်း သင်္ဘောတင်ပို့နိုင်ရန် လိုအပ်ကြောင်း၊ ၂၀၂၅ ခုနှစ်ထွက် စပါးသီးနှံမှ ကြိတ်ခွဲသည့် ဆန်ကိုသာ တင်သွင်းရမည်ဖြစ်ကြောင်း၊ တင်ဒါတွင် တင်သွင်းသော ဈေးနှုန်းကမ်းလှမ်းချက်များသည် အောက်တိုဘာ ၂၀ ရက်အထိ တည်မြဲရမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆန်တင်သွင်းမှုများနှင့် စပါးရိတ်သိမ်းမှု အထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် ပြည်တွင်းသိုလှောင်မှု လက်ကျန်မှာ တိုးမြင့်လျက်ရှိသော်လည်း ပြည်တွင်းဆန်ဈေးနှုန်းမှာ မြင့်တက်လျက်ရှိသည်ဟု ဆန်ကုန်သည်များက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့ပြီး ဆန်ဈေးနှုန်းများသည်လည်း လွန်ခဲ့သည့် တစ်နှစ်တာကာလထက် ၁၅ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်နေဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်ကို သိရှိရသည်။

မြန်မာ့ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး)တွင် ပေါ်ဆန်းနယ်စုံ(အဟောင်း)(ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း (အဟောင်း) ဆန်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ မှ ၁၅၅၀၀၀ ပေါက်ဈေးရှိသည်။

ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ မှ ၅၂၀၀၀ ကြားနှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၆၁၀၀၀ မှ ၆၄၀၀၀ ကြား ပေါက်ဈေး ရှိကြောင်း သိရှိရသည်။ ပြည်တွင်းဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

## မိုးကြိုဝါများ ဈေးကောင်းရရှိ

ဝါသီးနှံအား မြန်မာနိုင်ငံတွင် မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီများတွင် စိုက်ပျိုးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မိုးကြိုဝါများ ရိတ်သိမ်းပြီးစီးလုနီးပါးရှိသည်။ ယခင်နှစ်က မိုးကြိုဝါအား ဧက ၁၀၁၀ သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ၂၁၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မိုးကြိုဝါအား ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်း စတင်စိုက်ပျိုးပြီး တောင်သူများမှာ Raca နှင့် B 31 မျိုးများကို စိုက်ပျိုးကြသော်လည်း တောင်သူအများစုမှာ အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားအန္တရာယ်ဒဏ် ခံနိုင်ရည်ရှိသည့် Raca မျိုးကို အများဆုံး စိုက်ပျိုးကြသည်။ Raca မျိုးကို အချို့တောင်သူများက ကုမ္ပဏီထံမှ ဝယ်ယူပြီးစိုက်ပျိုးကြသော်လည်း အချို့မှာ ယခင်နှစ် ဝါသီးနှံပေါ်ချိန်တွင် ဝါကောက်ပြီး မျိုးအဖြစ် ပြန်လည်အသုံးပြု၍လည်း ကောင်းစိုက်ပျိုးကြသည်။ ဝါစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ပျိုးထုတ်ဝယ်ယူ၍ စိုက်ပျိုးပါက မျိုးစေ့ထုပ် နှစ်ထုတ်ကုန်ကျပြီး ယခင်ဝါသီးနှံပေါ်ချိန်၌ ကောက်ယူထားသော မျိုးစေ့အား အသုံးပြုပါက ငါးပိဿာခန့် ကုန်ကျကြောင်း၊ မျိုးစေ့တစ်ထုပ်လျှင် ကျပ် ၅၀၀၀၀ နှင့် မျိုးစေ့တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ကုန်ကျကြောင်း၊ မျိုးစေ့ထုပ်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ ကုန်ကျပြီး ဝါကောက်ပြီး ရယူထားသောမျိုးစေ့ စိုက်ပျိုးပါက တစ်ဧကလျှင် ကျပ် ၂၀၀၀၀ ကုန်ကျသည်။

တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ သွင်းအားစု၊ နွားရှဉ်းခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၉၀၀၀၀၀-၁၀၀၀၀၀၀ အထိ ကုန်ကျကြောင်း သိရသည်။ ဝါထွက်ရှိမှုအနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ပိဿာ ၈၀၀-၁၀၀၀ အထိထွက်ရှိပြီး ဝါဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် စတင်ထွက်ရှိချိန်တွင် ကျပ် ၃၀၀၀-၃၅၀၀ ရရှိ၍ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဝါအရည်အသွေးကောင်းပါက ကျပ် ၄၀၀၀အထိ ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် စတင်ထွက်ပေါ်ချိန်၌ ဝါတစ်ပိဿာလျှင် ကျပ် ၃၀၀၀-၃၅၀၀ ဈေးနှုန်းရှိခဲ့သည်။

စက်တင်ဘာလတွင် ဝါအမျိုးအစားပေါ်မူတည်ပြီး တစ်ပိဿာလျှင် ကျပ် ၄၁၀၀-၄၁၅၀အထိ ဝါဈေးနှုန်းများ မြင့်တက်လာသည်။

သို့ဖြစ်၍ ဝါစိုက်တောင်သူများ အကျိုးအမြတ်များ ပိုမိုရရှိလာကြောင်း ဝါကုန်သည်များထံမှ သိရသည်။

**Mdydoca၊ ဇော်မင်းလတ်**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် စက်တင်ဘာ ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ အနက် ဘူလ်ဂေးရီးယားနိုင်ငံသည် ယခုတစ်ပတ်တွင် ၈ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဖင်လန်နိုင်ငံတွင် ၆ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဇမ်ဘီယာ နိုင်ငံတွင် ၄ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဆီးရီးယားနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၉ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ စက်တင်ဘာ ၂၉ ရက် ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ နီပေါ၊ အာမေးနီးယား၊ ဘဟားမား၊ လီဆိုသို၊ လူဇင်ဘတ်၊ မွန်တီနီဂရိုး၊ ပါရာဂွေး၊ ပိုလန်၊ ကာတာ၊ ဆွစ်ဇာလန်နှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၈ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ အာဂျင်တီးနား၊ ဂရိ၊ အီတလီ၊ ဂွါတီမာလာ၊ နယ်သာလန်၊ မိုနာကို၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ ကနေဒါနှင့် အက်စ်တိုးနီးယား စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ စက်တင်ဘာ ၂) ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် စက်တင်ဘာ ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ အနက် အီကွေဒေါနိုင်ငံသည် ယခုတစ်ပတ်တွင် ၅၅ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံ ဖြစ်ခဲ့ပြီး ဖင်လန်နိုင်ငံတွင် ၇ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဇမ်ဘီယာနိုင်ငံတွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် Grenada နိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၀ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ နီပေါ၊ အင်ဂိုလာ၊ အာမေးနီးယား၊ ချီလီ၊ ကင်ညာ၊ လီဆိုသို၊ မိုနာကို၊ မွန်ဂိုလီးယား၊ မွန်တီနီဂရိုး၊ ပနားမား၊ ပါရာဂွေး၊ ပိုလန်နှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၈ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ ဆလိုဗက်ကီးယား၊ ဆွစ်ဇာလန်၊ တောင်အာဖရိက၊ အန်ဒိုရာနှင့် အာဂျင်တီးနား စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ စက်တင်ဘာ ၂၉ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ၁ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ စက်တင်ဘာ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၉၅ | ၀.၈၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၇ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၃၄ | ၀.၉၈ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၈ | ၀.၇၁ |
| ၅ | စင်ကာပူ | လီတာ | ၂.၁၂ | ၁.၉၅ |
| ၆ | မလေးရှား | လီတာ | ၀.၄၉ | ၀.၇၀ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၉၁ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၂ | ၀.၉၅ |
| ၉ | လာအို | လီတာ | ၁.၃၂ | ၀.၈၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၇ | ၀.၉၅ |
| ၂ | ဂျပန် | လီတာ | ၁.၁၉ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၄ | ၁.၀၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ အောက်တိုဘာ ၂ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၂၉၂၀၊ အောက်တိန်း -95 တစ်လီတာလျှင် ကျပ် ၂၉၈၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၅၈၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၃၁၇၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၄၁၂၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၇၃၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၈၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၉၉၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၅၉၅ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၉၈၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၅၈၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ၂၅ ကျပ် နှင့် ဒီဇယ် တစ်လီတာလျှင် ၅ ကျပ် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ အခြေအနေ


ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများဖြစ်သော ဆန်ကြမ်း/ဆန်ချော အမျိုးအစားများအလိုက် ၂၀၂၅ ခုနှစ် စက်တင်ဘာ နောက်ဆုံးပတ်တွင် ဧည့်မထ တစ်ပြည်လျှင် ကျပ် ၃၀၀၀ မှ ၄၀၀၀ ထိ၊ ငစိန် တစ်ပြည်လျှင် ကျပ် ၂၆၀၀၊ ဇီယာ တစ်ပြည်လျှင် ကျပ် ၃၁၀၀ မှ ၃၄၀၀ ထိ၊ ပေါ်ကျွဲ တစ်ပြည်လျှင် ကျပ် ၄၇၀၀၊ ပုသိမ်ပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၅၀၀၀၊ ဖျာပုံပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၄၈၀၀၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်ပြည်လျှင် ကျပ် ၆၉၅၀ မှ ၆၆၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အလားတူ စားဖိုဆောင်သုံး စားသောက်ကုန်များတွင် ဆီ(စားအုန်းဆီ) တစ်ပိဿာလျှင် ကျပ် ၇၀၅၀၊ ပဲဆီ တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ (အမြွှာ) တစ်ပိဿာ ကျပ် ၁၂၀၀၀၊ (ဥတလုံး) တစ်ပိဿာလျှင် ကျပ် ၂၃၀၀၀ တို့ဖြစ်ပြီး အာလူး တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ နနွင်းမှုန့်တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ အိုင်အိုဒင်းဆား တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ၊ ရိုးရိုးဆား တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ငရုတ်တောင့်(ရှည်) တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ ငရုတ်တောင့်(ပု) တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀၊ မြန်မာပဲနီလေး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ ပဲဝါလေး တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာလျှင် ကျပ် ၆၈၀၀၊ ချင်း တစ်ပိဿာလျှင် ကျပ် ၅၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ထို့အတူ အသား၊ ငါးဈေးနှုန်းများမှာလည်း မွေးမြူရေးကြက် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ မြန်မာကြက် တစ်ပိဿာလျှင် ကျပ် ၃၂၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၃၃၀၀၀၊ ဘဲသား တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၄၉၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ ငါးကြင်း တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ရေချိုငါးခူ တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀၊ မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ကျပ် ၂၇၀၀၀၊ ပုစွန်တုပ် (ကြီး)တစ်ပိဿာလျှင် ကျပ် ၆၀၀၀၀၊ ပုစွန်တုပ်(လတ်)တစ်ပိဿာလျှင် ကျပ် ၅၀၀၀၀၊ ပုစွန်ကျော့ တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ ငါးတန် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ ပင်လယ်ငါး တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ငါးရံ့ တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀၊ ငါးကျည်း တစ်ပိဿာလျှင် ကျပ် ၄၀၀၀၀ ၊ ရေချိုငါးသလောက် တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀၊ ပုစွန်ခြောက် (ကြီး)တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၀၊ ပုစွန်ခြောက်(လတ်)တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၀၊ ပုစွန်ခြောက်(သေး) တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၀၊ ငါးရံ့ခြောက် တစ်ပိဿာလျှင် ကျပ် ၉၀၀၀၀၊ ငါးကျည်းခြောက် တစ်ပိဿာလျှင် ကျပ် ၉၅၀၀၀၊ ငါးပိကောင်တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ အာပြဲခြောက် တစ်ပိဿာလျှင် ကျပ် ၄၅၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များမှာ ကန်စွန်းရွက် တစ်စည်း ကျပ် ၁၀၀၀၊ ချဉ်ပေါင်ရွက် တစ်စည်း ကျပ် ၂၅၀၊ ဂေါ်ဖီထုပ် တစ်ထုပ် ကျပ် ၂၀၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၃၀၀၀၊ ခရမ်းသီး တစ်လုံး ကျပ် ၄၀၀၊ ဘူးသီးတစ်လုံး ကျပ် ၄၀၀၀၊ ရှောက်သီး တစ်လုံး ကျပ် ၁၀၀၀၊ မုန်လာဥ တစ်စည်း ကျပ် ၈၀၀ တို့ဖြစ်ကြောင်း သိရသည်။

ဆန်ကြမ်း၊ ချောမှာ ရည်ညွှန်းဈေးပေါ် အခြေခံရောင်းချသောကြောင့် ဈေးငြိမ်လျက်ရှိပြီး စားအုန်းဆီမှာလည်း ရည်ညွှန်းဈေးတက်၍ ဈေးကွက်အတွင်း လက်လီဈေးနှုန်း အငယ်တက်လာကြောင်း၊ (CP) ကြက်သားမှာ ယခင်လထက် ဈေးနှုန်းအငယ်ကျပြီး ငါးကြင်းနှင့် အာလူးမှာ ယခင်လထက် ဈေးနှုန်းအငယ်မြင့်တက်လာကြောင်းနှင့် အခြားစားဖိုဆောင်သုံးကုန်ပစ္စည်းများမှာ ဈေးငြိမ်လျက်ရှိသည်။ **DOCA(ရန်ကုန်)၊ နေလင်း**



# ဆိပ်ဖြူကြက်သွန်နီ ဈေးကျ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ဆိပ်ဖြူ မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထား လုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံမှ ကြက်သွန်နီသီးနှံကို ရေ မြေရာသီဥတုနှင့် ကိုက်၍ သီးနှံဖြစ်ထွန်းမှုရှိ၍ အဓိကသီးနှံအဖြစ် နှစ်စဉ်စိုက်ပျိုးကြသည်။ စိုက်ပျိုးထွက်ရှိသော ကြက်သွန်နီသီးနှံကို မြို့ပေါ်ရှိကြက်သွန်နီကုန်စည်ဒိုင်နှင့် ပွဲရုံဈေးကွက်တွင် နေ့စဉ်အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

စက်တင်ဘာလ စတုတ္ထပတ်တွင် ကြက်သွန်နီဈေးအကျဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဈေးကွက်သို့ ကြက်သွန်နီ စိုက်ပျိုးမှုများသော ဒေသတွင်း ကျေးရွာများမှ ဝင်ရောက်ကြောင်း၊ ပွဲရုံဈေးကွက်သို့ ကုန်ဝင် ရောက်မှုနည်းသော်လည်း မြို့ပေါ်ရှိ ပွဲရုံများမှ သိုလှောင်ထားရှိသော ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု များကြောင်း ဈေးကွက်မှ သိရသည်။ ကုန်စည်ဒိုင်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မှုနည်းပြီး တစ်ရက် ပျမ်းမျှပိဿာ ကုန်ချိန်သုံးသောင်းခန့် ဝင်ရောက်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ စတုတ္ထပတ်တွင် ကြက်သွန်နီ အရည်အသွေးလိုက်၍ တောဈေး(ဂွန်)တစ်ပိဿာလျှင် ကျပ် ၇၀၀-၅၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ စက်တင်ဘာလ ဆန်းပိုင်းက ကြက်သွန်နီဈေး တစ်ပိဿာလျှင် ကျပ် ၆၅၀-၉၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ယခု ဈေးနှုန်းနှိုင်းယှဉ်ပါက ကြက်သွန်နီ တောဈေး (ဂွန်) တစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့် ဈေးကျလာပြီး (ဂွန်)ကြက်သွန်နီများကို ပွဲရုံများမှ ပြန်လည်သန့်စင်ပြီး ကြက်သွန်နီဥ အရွယ်အစား၊ အရည် အသွေးလိုက်၍ တစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၇၀၀ ဈေး အသီးသီးဖြင့် ဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချကြောင်း၊ ဆိပ်ဖြူမြို့ ပတ္တမြားဈေးအတွင်း ဆိုင်များနှင့် ရပ်ကွက်ဈေးဆိုင်များတွင်လည်း ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၆၀၀ ဈေး အရောင်းအဝယ် ဖြစ်ကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင် ပွဲရုံသို့ နေ့စဉ် ၁၂ ဘီးကားများဖြင့် တင်ပို့လျက်ရှိပြီး စက်တင်ဘာလ ဒုတိယပတ်တွင် ကြက်သွန်နီ ကုန်ချိန်ပိဿာ ငါးသိန်းခန့်၊ တန်ချိန်အားဖြင့် ၈၁၆ တန်ချိန် ကုန်စည်စီးဆင်းခဲ့ကြောင်း ဈေးကွက်မှ သိရသည်။

**မြင့်မြင့်သန်း(ဆိပ်ဖြူ)**

# ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) တို့ ပေါ်ဆန်းဆန် ပြည်ပတင်ပို့နိုင်ရေး ဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်အသင်းမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းအတွင်း စိုက်ပျိုးထုတ်လုပ်သည့် ဈေးကွက်ဝင် ပေါ်ဆန်းဆန်များ ပြည်ပနိုင်ငံများသို့ တင်ပို့ရန် ဆွေးနွေးပွဲကို စက်တင်ဘာလ ဒုတိယပတ်က ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ တိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း၊ တိုင်း ဆန်ကုန်သည်များအသင်း၊ ပုသိမ်မြို့ပေါ်ရှိ ခရိုင်/မြို့နယ်များမှ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နေသော တိုင်းဒေသကြီးတစ်ခုဖြစ်သလို ပန်းတိုင်အထွက်နှုန်း ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းဆန်စပါးဈေးနှုန်းများသည် ပြည်ပဆန်ဈေးနှုန်းအပေါ် မူတည်၍ တောင်သူများ စိုက်ပျိုးစရိတ်ကာမိပြီး အကျိုးအမြတ်ရရှိရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပေါ်ဆန်းစပါးအများဆုံး စိုက်ပျိုးသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး အရည်အသွေးကောင်းမွန်သည့် ပေါ်ဆန်းစပါးများ ရွေးချယ် စိုက်ပျိုးလျက်ထုပ်ပိုးမှု ကောင်းကောင်းဖြင့် ပြည်ပဈေးကွက်တင်ပို့ရောင်းချရန် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများကလည်း တိုင်းဒေသကြီးအတွင်း Rice Export Zone ဖော်ဆောင်မည့်ကိစ္စ ပေါ်ဆန်းမွှေးဆန် ပြည်ပသို့တင်ပို့ရန်နှင့် လက်ရှိတိုင်းဒေသကြီးအတွင်းမှ ပြည်ပသို့ ဆန်တင်ပို့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ ခရိုင်/မြို့နယ် ဒေသအလိုက် ထွက်ရှိသည့် ပေါ်ဆန်းထမင်း နမူနာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ပြည်ပါတစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဧရာမင်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ဧရာမင်း ဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။


ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ၄၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀ ၊ ဧရာမင်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ဧရာမင်းဆန်(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။


ကလေးခရိုင် ကလေးမြို့နယ်မှ ဧည့်မထ(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ဧည့်မထ (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၈၀၀၀၊ ဧရာမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀၊ ဧရာမင်း(ဆန်)(သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

အင်းတော်မြို့နယ်မှ ဆင်းဧကရီ(၃)(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ဆင်းဧကရီ-၃ ဆန်(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ဧရာမင်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ဧရာမင်း (ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ် လျှင်ကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်းစပါး (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ဧရာမင်း(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ် လျှင် ကျပ် ၁၆၀၀၀၀၊ မနောသုခ (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ မနောသုခ (ဆန်)(သစ်) ၂၄ပြည် တစ်အိတ် လျှင် ကျပ် ၈၀၀၀၀၊ ရွှေဝါထွန်းစပါး(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၃၅၀၀၀၀၊ ရွှေဝါထွန်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ရွှေသွယ်ရင် (စပါး)(သစ် ) တင်း ၁၀၀ လျှင် ကျပ် ၁၂၀၀၀၀၀၊ ရွှေသွယ်ရင် (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**သင်းသင်းအေး(မုံရွာ)**







Address ; No.391 , Seik Kan Thar Street, Shwe Lin Ban Industrial Zone, Hlaing Thar Yar Township, Yangon.
Phone ; 09-420759768
Mail ; rice@greenindomyanmar.com

# ဆင်နှစ်ကောင် အော်ဂဲနစ်ဓာတ်မြေဩဇာ

Two Elephant Organic Chemical Fertilizer

| | |
|---|---|
| နိုက်ထရိုဂျင် | ၁၀% |
| ဖော့စဖိုရပ် | ၃% |
| ပိုတက်ဆီယမ် | ၃% |



အော်ဂဲနစ်အာဟာရဓာတ်
၁၀% ထည့်သွင်းထားပြီး
မြေဆီလွှာကို ပြုပြင်ပေးသည်

စိတ်ချယုံကြည်စွာသုံး
ဆင်နှစ်ကောင်သည်သာ အကောင်းဆုံး






မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသော အာဟာရဓာတ်များ အချိုးအစားမှန်ကန်စွာထည့်သွင်းဖော်စပ်ထားသည့် "ဆင်နှစ်ကောင်" အော်ဂဲနစ်ဓာတ်မြေဩဇာသည် စပါး၊ ကြံ၊ ပဲ၊ ပြောင်း သီးပင်စားပင်များတွင် စိတ်ချယုံကြည်စွာသုံးစွဲနိုင်ပါသည်။ မြေဆီလွှာကို ပြုပြင်ပေးပြီး ကုန်ကျမှုသက်သာ၍ အထွက်တိုးစေမည်။



Majestic Myanmar Group Trading Co.,Ltd တင်သွင်းခွင့်လိုင်စင် (တသ - ၄၃၀၆) ဖြင့် ကိုယ်တိုင်ထုတ်လုပ်တင်သွင်းသည်။
ဖြန့်ဖြူးခွင့်လိုင်စင် ၅၁၆ ဖြင့် KT Home Mart မှ ဖြန့်ဖြူးသည်။

09 5559777 - 09 965361407 - 09 5036217

# SSS International Retail Business

## လက်အောက်ရှိ ဖွင့်လှစ်ထားသော လုပ်ငန်းခွဲများ

**Easy mart**
More than a Mart

ရန်ကုန်မြို့အတွင်း
ဆိုင်ခွဲပေါင်း (၂၃) ဆိုင်ကို
ဖွင့်လှစ်ကာ ပို့ကုန်၊ သွင်းကုန်
ပစ္စည်းအစုံကို အရည်အသွေး
ပြည့်မှီစွာရောင်းချ ပေးနေပါသည်။

**MAXI မက်(စ်)စီ Wholesale**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်
ပင်လုံလမ်းမပေါ်တွင်
Wholesale Center တစ်ခု
အဖြစ် ဖွင့်လှစ်ကာ
စားသောက်ကုန် ၊ လူသုံးကုန် အမျိုး
ပေါင်းများစွာကို လက်လီလက်ကား
ရောင်းချပေးလျက်ရှိပါသည်။

**Easy supermarket**


မော်ဘီမြို့ ပြည်လမ်းမပေါ်နှင့် ရန်ကုန်မြို့
သံသုမာ လမ်းမပေါ် ၊ သုဝဏ္ဏအဝိုင်း တို့တွင်
ဆိုင်ခွဲ (၂)ဆိုင် ဖြင့် ဖွင့်လှစ်ထားသော
Easy Supermarket တွင်
ပို့ကုန် သွင်းကုန် ပစ္စည်းအစုံ အဝတ်အထည်
အမျိုးမျိုး တို့ကို အရည်အသွေးပြည့်မှီစွာဖြင့်
ရောင်းချပေးလျက်ရှိပါသည်။






Global Good Pure Group Co.,Ltd.
စံချိန်ဆီစက်
စံချိန်
နေ့ကြာဆီသန့်
စံချိန်
မြေပဲဆီသန့်
အဆင့်မြင့်စက်ကြီး များဖြင့် ကြိတ်ခွဲပြီး Refinery နည်းပညာဖြင့် သန့်စင်ထုတ်လုပ်ထားသော မြန်မာနိုင်ငံတွင် ပထမဆုံး "စံချိန်" Refinedမြေပဲဆီ နှင့် Refined နေကြာဆီ
ဆက်သွယ်မှာယူလိုပါက
-09 771 007 002 , 09 881 007 002
-အမှတ်၆၂၊ကမ်းနားလမ်းနှင့်ဦးချိန်လမ်း
ထောင့်၊ရွှေပြည်သာစက်မှုဇုံ(၂)၊ရန်ကုန်။
Fb Page-(စံချိန်ဆီစက်Refinery Plant)


Myanmar HOST
Build Your Business With Our Services!
Service Offered:
Web Design and Development
Web Hosting
Domain Registration
Email Services and Cloud Licensing
Microsoft 365
Google Workspace
Business Webmail
Online Media Advertising
Google Ads
Facebook Ads for Business
Purchasing Service for Digital Products & Licenses
Zoom
Antivirus
Desktop Support Tools
As per customer required
+95 9793333372, +95 9450002205, +95 933333372
https://store.myanmarhost.com
sales@myanmarhost.com
facebook.com/myanmarhost


The Grey House
KALAW
A Touch of LUXURY To Your Stay
@ KALAW
Reservation + 95 (9) 444445577
Operated by Khit Thit Oo Trading Co.,Ltd.


AYE CHAN MYAY RREAL ESTATE COMPANY LIMITED
No-1186,8th floor B,(35)Ward,Pinlon Road, North Dagon Township,Yangon
နောင်ရေးအတွက် စိတ်အေးလိုတယ်ဆို...
CONTACT US : 09 262 4444 65,09 262 4444 69,09 262 4444 83
တိကျ ခိုင်မာလို့ နာမည်ကောင်းနဲ့ ဂုဏ်သတင်းကြီးတာ
CONTACT US


AMARA
INTERNATIONAL LOGISTICS AND FREIGHT AND TRADING
Our Services
Customs Clearances and Trade Formalities
Services
Multi Model Transportation Services
International Sea Freight Forwarding
Project Cargo Handling
License Services
ASEAN TRADE
CHINA MYANMAR BORDER TRADE
THAILAND MYANMAR BORDER TRADE
No.608,14th Floor (B) Corner Of Merchant Rd&Bosoonpat Street, Bosoonpat Condo,Pabedan Tsp, Yangon,Myanmar
09 261288879
09 795646625
kake981.kk@gmail.com

# တနင်္သာရီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် သီးနှံဖြစ်လာမည့် ဒူးရင်းသီး

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်းပိုင်းတွင် တည်ရှိပြီး သဘာဝတရားက လက်ဆောင်ပေးထားသည့် အနေအထားအရ Agro-ecological Zone ဖြစ်သည့်အတွက် နှစ်ရှည်သီးနှံများစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသအဖြစ် ရပ်တည်လျက်ရှိကာ ရော်ဘာ၊ ဆီအုန်း၊ ကွမ်းသီး၊ အုန်းသီး၊ သီဟိုဠ်၊ ကော်ဖီ၊ ကိုကိုးသီးနှံများသာမက ဈေးကွက်ဝင်သီးနှံဖြစ်သော ဒူးရင်းသီးလည်း အောင်မြင်စွာ စိုက်ပျိုးလျက်ရှိသည်။

ဒူးရင်းသီးနှံဟု ပြောလိုက်သည်နှင့် တနင်္သာရီတိုင်းဒေသကြီးကို ချန်ထား၍မရဘဲ ဒူးရင်းသီးကို ရှေးယခင်ကတည်းက စိုက်ပျိုးခဲ့ကြသည်။ သမားရိုးကျမိရိုးဖလာ ဖြန့်ကြဲစနစ်(အရိုင်း)၊ ဒေသမျိုး၊ အစေ့စိုက်၊ ရေမလောင်း၊ မြေဩဇာမကျွေးဘဲ သီးချိန်ကျမှ ခူးပြီး မြန်မာနိုင်ငံအနှံ့အပြား ရောင်းချလျက်ရှိသည်။ ၂၀၁၆ ခုနှစ်ခန့်မှစ၍ ပြည်ပမျိုး၊ အဓိကမွန်ထောင်း(ယိုးဒယား)မျိုးများကို (ကိုင်းဆက်) စနစ်တကျ စတင်စိုက်ပျိုးလာရာမှ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဒေသခံများမှ စီးပွားဖြစ် စိုက်ပျိုးလာခဲ့သည်။ ဒူးရင်းသီးသည် ရေဝပ်သောမြေများကိုမကြိုက်ဘဲ ကုန်းမြင့်များတွင် စိုက်ပျိုးရပြီး တစ်ဧကလျှင် အပင် ၅၀ ခန့် စိုက်ပျိုးနိုင်သည်။ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ စိုက်ဧက ၁၀၅၄၃ ဧက စိုက်ပျိုးပြီးဖြစ်ကာ အသီးခူးဧက ၁၀၂၁၁ နှင့် အထွက်နှုန်း အလုံး၅၀၀၀ နီးပါးခန့်နှင့် အလုံးပေါင်း ၄၅၅ သိန်းခန့်ရရှိကြောင်း သိရသည်။ ဒူးရင်းမျိုးကွဲအလိုက် စိုက်ပျိုးမှုအနေနှင့် ပြည်ပမျိုး ၂၀ ရာခိုင်နှုန်းခန့်နှင့် ဒေသမျိုး ၈၀ ရာခိုင်နှုန်းခန့်စိုက်ပျိုးလျက်ရှိသည်။

ပြည်ပမျိုးအနေနှင့် အများဆုံး မွန်ထောင်း(ယိုးဒယားမျိုး)ကို စိုက်ပျိုးပြီး မိချောင်း၊ ချန်နီ၊ မော်စံကင်းမျိုးများကို စိုက်ပျိုးလျက်ရှိကာ ဒေသမျိုးအနေဖြင့် ဝကုန်း၊ လောင်းလုံးသီး၊ ကျောက်စိမ်းမျိုးများကို စိုက်ပျိုးလျက်ရှိသည်။ ဒူးရင်းသီးနှံအနေဖြင့် အပင်စိုက်ပျိုးပြီး ၃ နှစ်၊ ၄ နှစ်အချိန်တွင် အသီး စတင်သီးကာ ၅ နှစ်၊ ၆ နှစ်ကာလအတွင်း စီးပွားဖြစ် အသီးခူးနိုင်ပြီး အရင်းကျေကာ အမြတ်ကာလများဖြစ်သည်ဟု ဆိုနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ဒူးရင်းသီးနှံသည် အခွံပါး၊ အသားထူ၊ အရသာချိုဆိမ့် ကောင်းမွန်သည့်အတွက် ပြည်တွင်းဈေးကွက်တွင် ရန်ကုန်၊ မော်လမြိုင်၊ ဧရာဝတီတိုင်းဒေသကြီးအထိပါ တင်ပို့ရောင်းချလျက်ရှိပြီး ထိုင်းနိုင်ငံသို့လည်း နှစ်စဉ် ဒူးရင်းအလုံးရေ တစ်သိန်းရောင်းချနိုင်သကဲ့သို့ တရုတ်နိုင်ငံမှလည်း ဝယ်ယူရန် ကမ်းလှမ်းမှုများရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှဦးဆောင်၍ မြန်မာနိုင်ငံဒူးရင်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး) ကို တိုင်းဒေသကြီးအတွင်း၊ တိုင်းဒေသကြီးပြင်ပရှိ ဒူးရင်းလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများပါဝင်ကာ စက်တင်ဘာ ၆ ရက်တွင် စုဖွဲ့ခဲ့သည်။

ဒေသတွင်း ဒေသမျိုးဒူးရင်းထက် ကိုင်းဆက် နိုင်ငံခြားမျိုးများကို ပိုမိုစိုက်ပျိုးကာ ပြည်ပဈေးကွက်အထိ ရောင်းချနိုင်ရေးအတွက် စုပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်နှင့် ကရင်ဒေသများတွင်လည်း ဒူးရင်းအစုအဖွဲ့များ ဖွဲ့ပြီးဖြစ်သဖြင့် ယခုအခါ တနင်္သာရီတိုင်းဒေသကြီးနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ ဒူးရင်းအသင်းဖွဲ့စည်းပြီး ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စံချိန်စံညွှန်းနှင့်အညီ ထုပ်ပိုးစက်ရုံများကိုလည်း ဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ တနင်္သာရီတိုင်းဒေသကြီးအနေနှင့် ဒူးရင်းသီးသည် အသင့်စိုက်ပျိုးပြီးဖြစ်ရာ ဒေသခံများမှလည်း စိတ်ဝင်စားစွာ ပူးပေါင်းဆောင်ရွက်နေသဖြင့် မကြာမီကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး၏ ဒူးရင်းသီးသည် ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေ ရရှိလာမည့် သီးနှံတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

**စိုးငြိ (ထားဝယ်)**



# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာ ဈေးနှုန်းဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ အောက်တိုဘာလ ပထမပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေသောဈေးမှာ ယခုတစ်ပတ်တွင် ကြံ့အသစ်(အပြာ) တစ်အိတ်လျှင် ကျပ် ၂၄၃၀၀၊ ကြံ့တံဆိပ်(အဝါ) တစ်အိတ်လျှင် ကျပ် ၂၁၀၀၀၊ ကြံ့နှစ်ကောင်(အနီ) တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊ ကြံ့တစ်ကောင် (အပြာ) တစ်အိတ်လျှင် ကျပ် ၂၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး**

အောက်တိုဘာလ ပထမပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပုလဲအသေး တရုတ်(ရွှေတောင်) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀၊ ပိုတက် (အာမို) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ပိုတက် (မြန်မာ့ဩဘာ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ တီစူပါ (သံကွင်း) 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၆၀၀၀ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၂၅၀၀၀၊ ဖျူရာဒါန် ၅ ဂျီ (မြန်မာ့ဩဘာ) 1 Kg ပါ တစ်ထုပ်လျှင် ကျပ် ၁၈၀၀၀၊ အဆီဖိတ်(ခရု) မြန်မာ့ဩဘာ 500kg ပါ တစ်ထုပ်လျှင် ကျပ် ၂၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ်အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင် လျှင် ကျပ် ၃၅၀၀ ရှိခဲ့ပြီး စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာ ၆ ရက်ထိ ဈေးနှုန်းမှာ မော်လမြိုင်မြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၈၆၀၊ မုဒုံမြို့တွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၂၈၅၀၊ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါကလည်း တစ်ပေါင်လျှင် ကျပ် ၃၀၀ခန့် ဈေးနှုန်းတက်လာခဲ့သည်။

မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ 50 kg ပါ တစ်ထုပ်လျှင် ကျပ် ၃၂၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၆၄၀၀၀ ဖြင့်လည်းကောင်း မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သယ်ယူခနှုန်းထားမှာ 50 kgပါ တစ်ထုပ်လျှင် ကျပ် ၄၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၉၀၀၀၀ ဖြင့် သယ်ယူပို့ဆောင်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(မွန်)**

# အောင်မြင်ဖြစ်ထွန်းနေသော နွားထိုးကြီးမြို့နယ်၏ မိုးနှမ်းစိုက်ဧကများ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်တွင် ပဲမျိုးစုံ၊ ထန်း၊ ကြက်သွန်နီများနှင့် မိုးနှမ်းသီးနှံကို စိုက်ပျိုးထားရှိကြောင်း သိရသည်။ မိုးနှမ်းသီးနှံကို မေလနှင့် ဇွန်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတို့တွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လေးလခန့် ကြာမြင့်ကြောင်းသိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ်တွင် နွားထိုးကြီးမြို့နယ်၌ မိုးနှမ်းသီးနှံ ၁၆၈၀၂၂ ဧကလျာထားချက်အပေါ် အမှန်စိုက်ပျိုးထားမှု ၁၇၄၅၀၂ ဧကစိုက်ပျိုးထားရှိပြီး လျာထားချက်ထက် ဧက ၆၄၈၀ ကျော် ပိုမိုစိုက်ပျိုးထားရှိကြောင်း သိရသည်။ တောင်သူများ လက်ရှိစိုက်ပျိုးထားနေသော နှမ်းအမျိုးအစားမှာ ဆင်းရတနာမျိုးဖြစ်ပြီး နှမ်းပင်များမှာ အကိုင်းဖြာသောမျိုးဖြစ်၍ နှမ်းစိုက်ရန် ၁၅ လက်မအတန်း အကွာအဝေးဖြင့် စိုက်ပျိုးထားကြောင်း၊ မျိုးစေ့များ အပင်ပေါက်ကောင်းစေရန် ထွန်ကြောင်းဆွဲရာတွင် မြေမနက်ရန်လိုကြောင်း၊ တစ်ဧကလျှင် မျိုးစေ့လေးပြည် စိုက်ပျိုးကြောင်း၊ ထွန်ကြောင်းဆွဲပြီး ကြဲပက်စနစ်ဖြင့် မျိုးစေ့များကို မြေကြီးထဲတွင် ခပ်ပါးပါးဖုံးအုပ်ပြီး စိုက်ပျိုးပါက အထွက်တိုးခြင်းကို အထောက်အကူပြုကြောင်း သိရသည်။ ယခင်နှစ်က မိုးနှမ်းတစ်ဧကလျှင် ၅ဒသမ၆ တင်းခန့်ထွက်ရှိခဲ့ပြီး ယခင်နှစ် မိုးနှမ်းညိုထွက်ပေါ်ချိန် ရောင်းဈေးမှာ တစ်တင်းလျှင် ကျပ် ၉၉၃၀၀ ခန့်ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုအချိန်တွင် မိုးနှမ်းညိုများ ဈေးကွက်တွင် လက်ကျန်အိတ်များ ကုန်ဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် စိုက်ပျိုးထားသော မိုးနှမ်းများသည် ယခင်နှစ်ထက် အထွက်နှုန်း ပိုမိုနိုင်မည်ဟု ခန့်မှန်းထားကြောင်း နှမ်းစိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ နှမ်းတစ်တင်း ဆီကြိတ်ပါက နှမ်းဆီခြောက်ပိဿာထွက်ရှိကြောင်း၊ စက်တင်ဘာလ နောက်ဆုံးပတ်တွင် နွားထိုးကြီးမြို့နယ်၌ လက်ရှိ နှမ်းညိုတစ်တင်းလျှင် ကျပ် ၈၈၅၀၀ ခန့်ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှစ်ဈေးဖြင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် နှမ်းညိုတစ်တင်းလျှင် ကျပ် ၁၀၈၀၀ ခန့် ဈေးနှုန်းကျဆင်းခဲ့ကြောင်း၊ ပွဲရုံများတွင် နေ့စဉ် အိတ် ၁၅၀-၂၀၀ ခန့် အရောင်း အဝယ်ဖြစ် လျက်ရှိကြောင်း၊ တင်ပို့မှုအနေဖြင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**သူဇာမိုး၊ Mdydoca**



# ငါးလတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၀ သန်းကျော်ရရှိ



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငါးလတာအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၈၅ သန်း ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပြည်ပနိုင်ငံများသို့ ပုစွန်တန်ချိန် ၃၇၀၀ ကျော် တင်ပို့မှုမှ ရရှိခဲ့ခြင်းဖြစ်ပြီး ပုံမှန်ကုန်သွယ်မှုမှ ၃၃၅၆ ဒသမ ၀၁၃ တန်နှင့် နယ်စပ်ကုန်သွယ်မှုမှ ၃၈၄ ဒသမ ၅၄ တန် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပြည်တွင်းမှ ပုစွန်၊ ငါး အစရှိသည့် ရေထွက်ကုန်များကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ ပုံမှန်တင်ပို့လျက်ရှိသည်။

ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်မျိုးစုံ တင်ပို့မှုအနေဖြင့် ၁၅၃၉၂၆ဒသမ၃၃၉ တန်ရှိပြီး အဆိုပါတင်ပို့မှုမှ ကန်ဒေါ်လာ ၂၂၃ ဒသမ ၄၃၆ သန်း ရရှိထားကြောင်း သိရသည်။

**ကိုတိုး**



# ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရရှိရန် မျှော်မှန်းထား

ယခု ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ မြန်မာ့ဒေသထွက် ပဲမျိုးစုံတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

လက်ရှိဘဏ္ဍာနှစ်အတွင်း လျာထားတင်ပို့မှု တန်ချိန်အနေဖြင့် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့ရန် လျာထားခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဒေသထွက် ပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေပြီး တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ပါ တင်ပို့နေကြောင်း သိရပြီး လက်ရှိတွင် ပဲမျိုးစုံတင်ပို့မှုကို ဈေးကွက်အသစ်ရှာခြင်းထက် ရှိပြီးသားဈေးကွက်ကိုသာ ပိုမိုတင်ပို့နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံတင်ပို့မှုတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကို တင်ပို့လျက်ရှိပြီး စုစုပေါင်း ပဲအမျိုးအစားပေါင်း ၂၀ ကျော်ကို တင်ပို့နေခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ တန်ချိန် ၂ ဒသမ ၁၄ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံ ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

**ကိုတိုး**

# မြန်မာ့သရက်သီး တောင်ကိုရီးယားက ဝယ်ယူတင်သွင်းရန် စီစဉ်

မြန်မာနိုင်ငံမှ ထွက်ရှိသည့် သရက်သီးများကို တောင်ကိုရီးယားနိုင်ငံ Kota Korea Co., Ltd. မှ ဝယ်ယူတင်သွင်းရန် စီစဉ်နေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

တောင်ကိုရီးယားနိုင်ငံသို့ ပြည်တွင်းထွက် သစ်သီးဝလံများ တင်ပို့လိုပါက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ တိရစ္ဆာန်နှင့် အပင်များ ထိန်းချုပ်ရေးအေဂျင်စီ - APQA နှင့် ကြိုတင်ညှိနှိုင်း ဆွေးနွေးရမည်ဖြစ်သည်။

APQA မှ သတ်မှတ်ထားသည့် တင်ပို့သည့်နိုင်ငံအနေဖြင့် မိမိတို့နိုင်ငံရှိ စိုက်ပျိုးရေးဦးစီးဌာနတွင် မှတ်ပုံတင်ခြင်း၊ နှစ်စဉ် စစ်ဆေးစောင့်ကြည့်ခံရခြင်း၊ နှစ်စဉ် သစ်သီးတင်ပို့မှုမစတင်မီ မှတ်ပုံတင်ထားသည့် သစ်သီးစိုက်ပျိုးဧရိယာများ၊ တင်ပို့မှုထုပ်ပိုးရုံများ၊ အပူငွေ့နှင့် သန့်စင်ရေးပြုလုပ်ပေးသည့် စက်ရုံများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို တောင်ကိုရီးယား APQA ထံ အသိပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းထွက် သရက်သီးများကို တောင်ကိုရီးယားနိုင်ငံမှ ဝယ်ယူတင်သွင်းလိုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တင်သွင်းမည့် Kota Korea နှင့် အချိန်ယူဆွေးနွေးပြီး လိုက်ပါဆောင်ရွက် တင်ပို့နိုင်ရေး စိတ်ဝင်စားသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များရှိပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (အီးမေးလ်- nesmyanmar@gmail.com၊ ဖုန်းနံပါတ် ၀၆၇-၄၀၈၄၉၅ ၊ ၀၆၇-၄၀၈၄၂၄) တို့ကို ပေးပို့အကြောင်းကြားရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် လတ်ဆတ်သရက်သီးများကို တရုတ်ဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

**ကိုတိုး**



# ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစုများ ထုတ်ယူနိုင်



မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးဒင်းပက်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ စက်တင်ဘာ ၁၉ ရက်တွင် ကျင်းပပြုလုပ်သည့် ဒွါဒသမ အကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့မှ အစုရှယ်ယာရှင်များထံ တင်ပြပြီးဖြစ်သည့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစုများအား ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ်အား ကြေညာခဲ့ကြောင်း သိရသည်။

၂၀၂၅ခုနှစ် ဩဂုတ် ၁၂ ရက်တွင် Securities Account တွင် အစုရှယ်ယာစာရင်းဝင်နေသည့် အစုရှယ်ယာရှင်များသည် စက်တင်ဘာ ၂၆ ရက်မှစတင်၍ သက်ဆိုင်ရာ Securities ကုမ္ပဏီများတွင် အမြတ်ဝေစုများကို ဆက်သွယ်ထုတ်ယူနိုင်မည်ဖြစ်သည်။

ဩဂုတ် ၁၂ ရက် နောက်ပိုင်းမှ Securities Account ဖွင့်လှစ်ထားသူများနှင့် Securities Account မဖွင့်ရသေးသော အစုရှယ်ယာရှင်များအနေဖြင့် MTSH မှတစ်ဆင့် မိမိတို့ပိုင်ဆိုင်သော အစုရှယ်ယာ အရေအတွက်အလိုက် ခွဲဝေပေးမည့် အမြတ်ဝေစု ပမာဏကို စက်တင်ဘာ ၂၆ ရက်တွင် ထုတ်ယူရမည်ဖြစ်သည်။

ယင်းသို့ထုတ်ယူရာတွင် အစုရှယ်ယာရှင်များအနေဖြင့် MTSH ၏ IR ဌာနသို့ ရုံးချိန်အတွင်း ဖုန်းဖြင့်ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူရန် စာရင်းပေးရမည်ဖြစ်ပြီး ထုတ်ယူရမည့်ရက်ကို MTSH မှ ပြန်လည် အကြောင်းကြားပေးသွားမည်ဖြစ်သည်။

မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် ခွဲဝေပေးမည့် အမြတ်ဝေစုပမာဏမှာ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၉၀ ဖြစ်ကြောင်း သိရသည်။

**ကိုတိုး**

# “ကြာရှည်ခံဆိုးဆေးတွေ လုံးဝမပါဘဲနဲ့ သဘာဝ ပြည်တွင်း ထုတ်ကုန်တွေကို အသုံးပြုထားပါတယ်”

## Better Bee Natural Honey ပျားရည်နှင့် ပျားထွက်ပစ္စည်းလုပ်ငန်း Factory Manager ဒေါ်ခင်စောသိန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စား လုပ်ငန်းများ အများဆုံးပါဝင်လျက်ရှိသည်။ သို့ဖြစ်ရာ အသေးစား၊ အလတ်စား လုပ်ငန်းများ၏ ဈေးကွက်ထိုးဖောက်မှု အခြေအနေများနှင့် စပ်လျဥ်း၍ ပြည်တွင်းဈေးကွက်ထဲတွင် သန့်စင်ပြီး သဘာဝပျားရည်စစ်စစ်များကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် Better Bee Natural Honey ပျားရည်နှင့် ပျားထွက်ပစ္စည်းလုပ်ငန်းမှ Factory Manager ဒေါ်ခင်စောသိန်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**Better Bee Natural Honey ပျားရည်နှင့် ပျားထွက်ပစ္စည်း လုပ်ငန်းအကြောင်း ပြောပြပေးပါဦး။**

ကျွန်မတို့အနေနဲ့ ဒီပျားရည်ထုတ်ကုန်တွေကို Export စလုပ်ဖြစ်တာကတော့ ၂၀၁၄ ခုနှစ်ကတည်းကပါ။ အဓိကတော့ ပြည်ပဈေးကွက်တွေဖြစ်တဲ့ အမေရိကန်၊ ဂျပန်၊ တရုတ်၊ထိုင်း စတဲ့နိုင်ငံတွေကို Export တင်ပို့နေတာဖြစ်ပါတယ်။ ဈေးကွက်ထဲဝင်ရောက်လာတာဆိုရင်လည်း တော်တော်လေးတော့ အောင်မြင်မှုရခဲ့ပါတယ်။ ဈေးကွက်ထိုးဖောက်တဲ့နေရာမှာလည်း အခက်အခဲတွေကတော့ အများကြီးရှိတာပေါ့။ အဓိကတော့ ထုတ်ကုန်တွေနဲ့ပတ်သက်ပြီး ထုပ်ပိုးမှုပုံစံ အခက်အခဲတွေတော့ ရှိပါတယ်။ ဒါပေမယ့် အတတ်နိုင်ဆုံးတော့ အများကြီး ကြိုးစားပြီး လုပ်ကိုင်လျက်ရှိပါတယ်။ အခုဆိုရင် ထုတ်ကုန်တွေထဲမှာ ပျားသံပရာဆိုရင် ထုပ်ပိုးမှုပုံစံ အခက်အခဲရှိတဲ့အတွက် လုပ်ကိုင်ရတာ ခက်ခဲပါတယ်။ ဒါပေမယ့်လည်း သုံးစွဲသူအများပြည်သူတွေအဆင်ပြေစေဖို့အတွက် အဆင်ပြေအောင် လုပ်နေရတာပေါ့။

**ကုန်ကြမ်းရရှိမှု အခြေအနေလေး သိပါရစေ။**

ကုန်ကြမ်းအပိုင်းကိုတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပျော်ဘွယ်၊ မုံရွာဘက် စတဲ့ ဒေသတွေဘက်ကနေ အဓိကရရှိပါတယ်။ ကျွန်မတို့က ပျားရည်မှာဆိုရင် မိုးတွင်းဘက်မှာ သကြားပါဝင်မှု အရမ်းများပါတယ်။ နောက်ပြီး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး သုံးထားတဲ့ အပင်က ဝတ်ရည်စုပ်ထားခြင်း ရှိ၊ မရှိ အဓိက စစ်ဆေးပါတယ်။ ပျားရည်နဲ့ပတ်သက်ပြီး ကျွန်မတို့အနေနဲ့က ပြည်ပနိုင်ငံတွေကိုလည်း တင်ပို့တဲ့အတွက် ထုတ်ကုန်အရည်အသွေးနဲ့ ပတ်သက်ပြီး ဂျာမနီနိုင်ငံရဲ့ ဓာတ်ခွဲခန်းမှာ စစ်ဆေးထားပါတယ်။ ရေငွေ့စက်ကြီးတွေနဲ့ ရေငွေ့ထုတ်သန့်စင်ထားတာပါ။ ဓာတ်ခွဲခန်းမှာ စစ်ဆေးပြီးလို့ အောင်တဲ့ပျားရည်ကိုမှ ထုတ်လုပ်တာဖြစ်ပါတယ်။

**ပြည်တွင်းဈေးကွက် ထိုးဖောက်မှုအခြေအနေလေး ပြောပြပေးပါဦး။**



ကျွန်မတို့က ပြည်တွင်းဈေးကွက်မှာ ထိုးဖောက်လာတာဆိုရင် သိပ်တော့မကြာသေးပါဘူး။ ကိုဗစ်ဖြစ်ပြီး နောက်ပိုင်းက စတင်လုပ်လာတာ အခုထိ ကြိုးစားနေဆဲပါ။ ထုတ်ကုန်တွေကိုတော့ ဈေးဝယ်စင်တာကြီးတွေမှာဆိုရင် မက်ခရိုတို့အပြင် တော်တော်များများ ဈေးဝယ်စင်တာတွေမှာ ရရှိနေပါပြီ။ ပျားရည်ကကျတော့ ပျားရည်သန့်စင်ခြင်း သီးသန့်အပိုင်းကို ထုတ်လုပ်တာ ၂၀၂၂ ခုနှစ်လောက်ပေါ့။ အခု ၂၀၂၃ ခုနှစ်ကစပြီးတော့ Value-Added အနေနဲ့ ပျားသံပရာကို စပြီးထုတ်နေတာပေါ့။ အဓိကတော့ သဘာဝမဟုတ်တဲ့ဟာတွေ စားသုံးမိတဲ့အခါကျရင် လူတွေက ကျန်းမာရေး ထိခိုက်နေတဲ့အခါကျတော့ ကျွန်မတို့က အတတ်နိုင်ဆုံး ကြာရှည်ခံ ဆိုးဆေးတွေ လုံးဝမပါဘဲနဲ့ သဘာဝပြည်တွင်း ထုတ်ကုန်တွေကို အသုံးပြုပါတယ်။ ပျားရည်ဆိုတာလည်း ကိုယ့်နိုင်ငံကထွက်တဲ့ ပြည်တွင်းထုတ်ကုန်ဖြစ်တယ်။ သံပရာသီးဆိုတာကလည်း ကိုယ်နိုင်ငံက ထွက်တယ်။ ဒါပေမယ့် လူတွေက မသုံးဖြစ်ကြဘူး။ အဲခါကျတော့ ရုံးသမားတွေ၊ ဝန်ထမ်းတွေ၊ အိမ်ရှင်မတွေ အလွယ်တကူအသုံးပြုလို့ရအောင်လို့ တစ်ခါတည်း အသင့်ဖျော်လို့ ရအောင်လို့တော့ ကြိုးစားနေတာပေါ့။ နောက်ပြီး အသင့် စားသုံးလို့ရတဲ့ ဖျော်ရည်အဖြစ်လည်း ထုတ်လုပ်သွားဖို့ရှိပါတယ်။





## တိုပွ

**ထုတ်ကုန်အမျိုးအစားတွေနဲ့ပတ်သက်ပြီး သိပါရစေ။**

အခုလက်ရှိကတော့ ပျားရည်နဲ့ ပျားသံပရာဆိုပြီး ထုတ်ကုန် နှစ်မျိုး ထုတ်လုပ်လျက်ရှိပါတယ်။ နောက်ပိုင်းတော့ Ready Juice အဆင့် ဖျော်ရည်တွေကိုပါ ထုတ်လုပ်သွားဖို့ရှိပါတယ်။ ပျားသံပရာကတော့ ရောင်းအားလည်း ကောင်းပါတယ်။ ရေအေးနဲ့ပဲသောက်သောက်၊ ရေနွေးနဲ့ပဲ သောက်သောက် ရပါတယ်။ အဓိကတော့ ရေနွေးနဲ့ သောက်တာကိုတော့ လူတွေက ပိုပြီး ကြိုက်ကြပါတယ်။ အခု လက်ရှိကတော့ စစ်တမ်းကောက်ယူလိုက်တယ်ဆိုရင် အသက်(၃၀)အရွယ် အထက်တွေက ဒီထုတ်ကုန်တွေကို ပိုပြီး ကြိုက်နှစ်သက်တာကို တွေ့ရပါတယ်။ ကလေးတွေအနေနဲ့ကတော့ သိပ်ပြီး မကြိုက်ကြပေမယ့် လူကြီးတွေအနေနဲ့ကတော့ ဒီထုတ်ကုန်တွေက ကျန်းမာရေးအတွက် အထူးကောင်းမွန်ပါတယ်။ ပေးရတဲ့ ဈေးနဲ့တန်အောင်တော့ ကြိုးစားပြီးတော့ ထုတ်လုပ်လျက်ရှိပါတယ်။ ရန်ကုန်မြို့အပြင် အခြားမြို့ နယ်တွေမှာဆိုရင်လည်း မန္တလေး၊ မော်လမြိုင်၊ ပြည် စတဲ့မြို့နယ်တွေမှာလည်း ဖြန့်ချိလျက်ရှိပါတယ်။

**ထုတ်ကုန်တွေနဲ့ပတ်သက်ပြီး ထုပ်ပိုးမှုကဏ္ဍမှာ အခက်အခဲ ရှိနေတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ထုတ်ကုန်တွေနဲ့ပတ်သက်ပြီး ထုပ်ပိုးမှုကဏ္ဍမှာ အခက်အခဲရှိတဲ့အတွက် နည်းနည်းလေး စောင့်ရောင်းရတဲ့ အခက်အခဲတော့ ရှိပါတယ်။ ထုပ်ပိုးမှု(Packing) အပိုင်းကတော့ စိတ်တိုင်းမကျလို့ ဒီဇိုင်းအသစ်တွေတော့ မထုတ်ခဲ့ဘူးပေါ့နော်။ ဒါပေမယ့်လည်း အရည်အသွေးက ကောင်းနေသလို စားသုံးသူတွေကလည်း လက်ခံလာနေတဲ့အတွက် ကျွန်မတို့က ဒီထုပ်ပိုးမှု (Packing)နဲ့ပဲ ဆက်ပြီးထုတ်နေပါတယ်။ ပြည်တွင်းမှာ အချိန်မရွေးရတဲ့အတွက် ထုပ်ပိုးမှု (Packing)နဲ့ပဲ ဆက်လုပ်နေပါတယ်။ ဒီနေရာမှာ အခက်အခဲက ဘာဖြစ်လဲဆိုတော့ ဈေးဝယ်စင်တာကြီးတွေမှာ တင်တဲ့အချိန်ကျရင် ဂရမ်တွေ မတူတော့တဲ့အတွက် ဘားကုတ် ခဏခဏ ချိန်းရတယ်။ အဲလိုအခက်အခဲလေးတွေတော့ရှိတာပေါ့။ အပြင်မှာရောင်းရင် ပြဿနာမရှိပေမယ့် စင်တာကြီးတွေမှာ တင်တဲ့အခါကျ ဘားကုတ်ချိန်းရတဲ့အခါကျတော့ အဆင်တော့မပြေဘူးပေါ့။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ကျွန်မတို့က ထုတ်ကုန်တွေကို အတတ်နိုင်ဆုံး တိုက်ရိုက်ရောင်းချတာထက် စားသုံးသူမိဘပြည်သူတွေကို လမ်းညွှန်ပေးတာပေါ့။ ဖြန့်ချိထားတဲ့ ဈေးဝယ်စင်တာတွေမှာ ရရှိနိုင်တယ်ဆိုတာကိုလည်း လမ်းညွှန်ပေးလျက်ရှိပါတယ်။ ပျားရည် ထုတ်ကုန်တွေကို အဓိကတော့ လတ်ဆတ်အောင် (fresh) လုပ်ထားတာဖြစ်တဲ့အတွက် ကြိုတင်ပြီးတော့ ပြုလုပ်ထားခြင်း မရှိပါဘူး။ ပြီးတော့ ကြာရှည်ခံ ဆိုးဆေးတွေ မပါဝင်ပါဘူး။ ထုတ်ကုန်ရဲ့ သက်တမ်းကတော့ တစ်နှစ်ဖြစ်ပါတယ်။ ထုတ်ကုန်တွေနဲ့ပတ်သက်ပြီး အော်ဒါ တွေကိုလည်း ခေတ်မီစက်တွေနဲ့ များများလေး ထုတ်နိုင်အောင်လို့ ကြိုးစားလျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း စားသုံးသူတွေအတွက် ထုတ်ကုန်အသစ်တွေ ထုတ်လုပ်နိုင်အောင်လည်း ကြိုးစားသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။





# ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး ဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

MSMEs ဆိုသည်မှာ Micro,Small and Medium Enterprises အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဟု ဆိုလိုသည်။ ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းချခြင်း လုပ်ကိုင်နေကြသော အသေးစား လုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစား ထုတ်လုပ်သည့် စက်ရုံအဆုံး အားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် MSMEs လုပ်ငန်းများသည် စီးပွားရေးအပြင် အလုပ်အကိုင် အခွင့်အလမ်းများအတွက် လွန်စွာ အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်လာသည်။ MSMEs လုပ်ငန်းများသည် လူနေမှုဘဝ၏ အခြေခံအုတ်မြစ်များဖြစ်သည်။ MSMEs လုပ်ငန်းများမှသည် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်း၊ စီးပွားရေး တည်ငြိမ်မှုရှိခြင်း၊ ဆန်းသစ်တီထွင်မှုများ ပေါ်ထွက်လာနိုင်ခြင်း၊ ဝင်ငွေညီမျှမှုကို မြှင့်တင်ပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

နိုင်ငံတကာစာရင်းများအရ MSMEs လုပ်ငန်းများသည် အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းထိ ဖန်တီးပေးနိုင်စွမ်းရှိသည်ဟုဆိုသည်။ လူငယ်များ၊ ကျေးလက်နေ လူတန်းစားများအတွက် အလုပ်အကိုင်ရရှိရန် အဓိကလမ်းကြောင်းဖြစ်သည်။ ပြည်ပမှ လာရောက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးမကောင်းလျှင် ပြန်လည်ထွက်သွားနိုင်သော်လည်း ဒေသခံ MSMEs လုပ်ငန်းများမှာမူ မည်သည့်အခြေအနေမျိုးမှာဖြစ်စေ၊ ဒေသတွင်းမှာပင် နေထိုင်လုပ်ကိုင်ကြမည်ဖြစ်သည်။

MSMEs လုပ်ငန်းများသည် ဈေးကွက်လိုအပ်ချက်ကို မြန်ဆန်စွာ သိရှိနိုင်ပြီး ပြောင်းလဲနိုင်စွမ်း မြင့်မားခြင်း၊ နည်းပညာအသစ်၊ ဝန်ဆောင်မှု အသစ်၊ ထုတ်ကုန်အသစ်များ လုပ်ကိုင်ပြီး တန်ဖိုးမြှင့် ထုတ်လုပ် နိုင်သဖြင့် ငွေကြေး အင်အားနည်းသူများပင် လုပ်ကိုင်နိုင်သဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်သည့် နည်းလမ်းဖြစ်သည်။

MSMEs လုပ်ငန်းများသည် ပြည်တွင်းထုတ်လုပ်သည့် လက်မှုပစ္စည်းလုပ်ငန်း၊ ခရီးသွား စားသောက်ကုန်လုပ်ငန်းစသည့် အသေးစားလုပ်ငန်းများဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝနှင့် ရာသီဥတုအခြေအနေအရ ဒေသတစ်ခုနှင့်တစ်ခု မတူညီသလို ထုတ်ကုန်များလည်း မတူညီကြပေ။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသသည် ရာသီဥတုအေး၍ မိုးများသောဒေသဖြစ်ပြီး တောင်ပေါ်ဒေသဖြစ်သည့် အားလျော်စွာ မက်မန်းသီး၊ ထောပတ်သီး၊ စတော်ဘယ်ရီသီး အများဆုံးထွက်ရှိရာ ဒေသဖြစ်ပြီး မက်မန်းသီးကို တန်ဖိုးမြှင့်ထုတ်လုပ်ရောင်းချခြင်း၊ ထောပတ်သီးကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အရည်အသွေးကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်၍ ပြောင်းလဲစိုက်ပျိုးပြီး ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဖွဲ့စည်း၍ နည်းပညာများဖလှယ်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ ရှာဖွေချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပြင်ဦးလွင်ဒေသထွက် စတော်ဘယ်ရီသီးကိုလည်း စတော်ဘယ်ရီယို၊ စတော်ဘယ်ရီဝိုင်များ ထုတ်လုပ်၍ ရောင်းချကြသည်။

ပြင်ဦးလွင်ဒေသတွင် အခြားသော ထွက်ကုန်များလည်း များစွာရှိရာ မိမိတို့ဒေသထွက် စိုက်ပျိုးရေးထုတ်ကုန်များကို အခြေပြု၍ ထုတ်လုပ်ရောင်းချကြသော MSMEs လုပ်ငန်းများဖြစ်၍ ဘယ်

ဝင်းမာ၊ MDYDOCA

သောအခါမှ ပျောက်ပျက်သွားမည်မဟုတ်ပေ။

အလားတူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်သည်လည်း အေး၍ မိုးများသော တောင်ပေါ်ဒေသဖြစ်သည်။ မိုးကုတ်မြို့၏ အဓိက စီးပွားရေးမှာ ပတ္တမြား၊ နီလာ စသည့် ကျောက်မြတ်ရတနာ တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းဖြစ်ပြီး လက်ဖက်၊ ကော်ဖီ၊ မက္ကဒေးမီးယားနှင့် နှစ်ရှည်သီးနှံပင်များဖြစ်သည့် ချဉ်စော်ကားသီး၊ သစ်အယ်သီး၊ တည်သီးနှင့် ဝါးမျှစ်များလည်း များစွာထွက်ရှိသည့်အပြင် ဆေးဖက်ဝင်အပင်များဖြစ်သော တပင်တိုင် မြနန်း၊ နန္ဒင်းနက်နှင့် ယာကွန်ဥများလည်း ထွက်ရှိရာဒေသဖြစ်သည်။

မိုးကုတ်မြို့သည်လည်း ရတနာထွက်ရှိရာ ရတနာမြေဖြစ်၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ သွားရောက်လည်ပတ်ရာ မြို့တစ်မြို့လည်းဖြစ်သည်။ ချဉ်စော်ကားသီးယို၊ ချဉ်စော်ကားသီးချဉ်ပေါင်း၊ ချဉ်စော်ကားသီးဝိုင်နှင့် မိုးကုတ်လက်ဖက်တို့မှာ ထင်ရှားသည်။ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာဒေသသည် သမပိုင်းဒေသတွင် တည်ရှိပြီး မြေပြန့်ဒေသဖြစ်၍ စိုက်ပျိုးရေးကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုလုပ်ကြသည်။

ဆန်စပါးကို အဓိကစိုက်ပျိုးလုပ်ကိုင်ကြပြီး ပဲမျိုးစုံနှင့် ကွမ်းရွက်၊ ကွမ်းသီးများကိုလည်း စိုက်ပျိုးကြသည်။ (One Region One Product-OROP)ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုးအနေဖြင့် အုန်းတံမြက်စည်း လုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိပြီး မိသားစု ဒုတိယဝင်ငွေအဖြစ် အများဆုံး လုပ်ကိုင်ကြသည်။ အုန်းတံမြက်စည်း ကုန်ကြမ်းသည် အနည်းငယ်သာထွက်ရှိပြီး အခြားဒေသမှ အများဆုံး ဝယ်ယူလုပ်ကိုင်ကြသည်။ ဒေသထွက်ကုန်ကို အခြေခံ၍ လုပ်ကိုင်ကြခြင်း မဟုတ်သော်လည်း တံမြက်စည်းထိုးခြင်း လက်မှုပညာကို တတ်ကျွမ်းသူများဖြစ်၍ မတ္တရာအုန်းတံမြက်စည်းသည်လည်း ဒေသ ထုတ်ကုန်တစ်မျိုး ဖြစ်သည်။ မတ္တရာဒေသထွက် အုန်းတံမြက်စည်းများကို မန္တလေး ဈေးကွက်မှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းလည်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည်လည်း သမပိုင်းရာသီဥတု ပိုင်ဆိုင်ထားပြီး မြေပြန့်ဒေသဖြစ်၍ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်၍ ဆန်စပါး၊ ပဲမျိုးစုံ နှင့်အခြားသော သီးနှံမျိုးစုံ စိုက်ပျိုးကြသည်။ ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်ပွဲတော်သည် တိုင်းသိပြည်သိ ကျော်ကြားသော မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်သည်။ ပွဲတော်ကာလတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ များစွာ လာရောက်ပျော်ပါးကြသည်။ ပွဲတော်ပြန်လက်ဆောင်အဖြစ် ဆင်ရုပ်များပြုလုပ်၍ ရောင်းချကြသည်။ ဆင်ရုပ်ချိုးခြင်း အနုပညာကို တတ်မြောက်ကျွမ်းကျင်သူများဖြစ်၍ လေးစားဂုဏ်ယူဖွယ်ရာ အတတ်ပညာဖြင့် ရပ်တည်ရောင်းချသော MSMEs လုပ်ငန်းတစ်ခုဖြစ်သည်။

ထို့ပြင်အလေ့ကျ ပေါက်ရောက်သော ဆပ်သွားပင်မှ ဆပ်သွားရွက်များကို ဆပ်သွားဖျာ(သို့မဟုတ်) ဆပ်တဖျာရက်လုပ်ကြသည်။ ထိုဖျာများသည် နွေမှာအေး၍ ဆောင်းမှာနွေးပြီး မွှေးသောရနံ့ရှိကာ ကျန်းမာရေးနှင့်ညီညွတ်သည့် ဖျာဖြစ်သည်။ ပြည်တွင်းဖြစ်ကို အားပေးလာသည်နှင့်အမျှ ဆပ်တဖျာသည် လည်းအနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဈေးကွက်ကောင်းရလျက်ရှိသည်။ ဆပ်တဖျာလုပ်ခြင်းလုပ်ငန်းကို အမျိုးသမီးများ လယ်ယာလုပ်ငန်းခွင်သိမ်းပြီးမှသာ ရက်လုပ်ကြ၍ မိသားစုဒုတိယဝင်ငွေ (second income) ရရှိသော MSMEs လုပ်ငန်းတစ်ခုဖြစ်သည်။ မိမိတို့ဒေသမှ ထွက်ရှိသော ကုန်ကြမ်းကို အခြေခံ၍ ထုတ်လုပ်သော ပစ္စည်းဖြစ်၍ မည်သည့်အခါမှ ပျောက်ပျက်သွားမည်မဟုတ်ပေ။

ကျောက်ဆည်ခရိုင်အတွင်း အညာဒေသဖြစ်သော နေရာများတွင် ထန်းပင်များလည်း ပေါက်ရောက် ရှင်သန်လျက်ရှိရာ ထိုထန်းပင်များမှ ထန်းလက်၊ ထန်းလျှော်များကို အခြေခံ၍ ထန်းလက် ကုလားထိုင်နှင့် ထန်းလျှော်တောင်း၊ ထန်းလျှော်ဖျာ လုပ်ငန်းများကိုလည်း တွင်ကျယ်စွာ လုပ်ကိုင်၍ ဈေးကွက်သို့တင်ပို့ရောင်းချလျက် ရှိသည်။ ထန်းလက်ကုလားထိုင်၊ ထန်းလျှော်တောင်းနှင့် ထန်းလျှော်ဖျာရက်လုပ်ခြင်း အတတ်ပညာသည်လည်း မိသားစု စားဝတ်နေရေးအတွက် အထောက်အကူပြု လုပ်ငန်းတစ်ခုဖြစ်သည်။ ပြည်ပမှ တင်သွင်းသော ပလတ်စတစ်ကုလားထိုင်၊ ပလတ်စတစ်ဖျာများအစား ဒေသထွက်ကုန်များကို ဝယ်ယူအားပေးမှုများလာပါက ကျန်းမာရေးနှင့် ညီညွတ်သော ပစ္စည်းများကို အသုံးပြုနိုင်ပြီး ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း အခြားသော ဒေသထွက်ကုန်များကို အခြေခံ၍ ထုတ်လုပ်ရောင်းချကြသော MSMEs လုပ်ငန်းများစွာရှိသည်။ ဆန်၊ ဂျုံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို အဆင့်မြှင့်တင်ထုတ်လုပ်သော MSMEs လုပ်ငန်းများ၊ မြေကြီးကို အခြေခံ၍ထုတ်လုပ်သော လုပ်ငန်းများ၊ ကျောက်ကို အခြေခံ၍ ထုတ်လုပ်သော MSMEs လုပ်ငန်းများ၊ အိမ်ဆောက်ပစ္စည်း၊ လူသုံးကုန်၊စားသောက်ကုန်၊ မြန်မာ့ရိုးရာ အသင့်စား မုန့်ပဲသရေစာ ထုတ်လုပ်သော လုပ်ငန်းများ စသည်ဖြင့် များစွာရှိသည်။

ယင်း MSMEs လုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူပူးပေါင်းမှုပုံစံဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**MSMEs လုပ်ငန်းများသည် ဈေးကွက်လိုအပ်ချက်ကို မြန်ဆန်စွာ သိရှိနိုင်ပြီး ပြောင်းလဲနိုင်စွမ်း မြင့်မားခြင်း၊ နည်းပညာအသစ်၊ ဝန်ဆောင်မှုအသစ်၊ ထုတ်ကုန်အသစ်များ လုပ်ကိုင်ပြီး တန်ဖိုးမြှင့် ထုတ်လုပ်နိုင်သဖြင့် ငွေကြေးအင်အား နည်းသူများပင် လုပ်ကိုင်နိုင်သဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်သည့် နည်းလမ်းဖြစ်သည်။**

# ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ ကော်ဖီတင်ပို့မှု စံချိန်တင်ခဲ့သည့် ဗီယက်နမ်



ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ စက်တင်ဘာ ၂၂ ရက် အဆိုအရ ဗီယက်နမ် သည် ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ ကော်ဖီတန်ချိန် ၁ ဒသမ ၂ သန်း တင်ပို့ရာမှ ဝင်ငွေ အမေရိကန် ဒေါ်လာ ၆ ဒသမ ၄၂ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့် နှိုင်းယှဉ်ပါက တင်ပို့သည့် ပမာဏတွင် ၈ ဒသမ ၇ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့သော်လည်း ဝင်ငွေရရှိမှုတွင် ၅၉ ဒသမ ၁ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ကြောင်း သိရ သည်။

ထို့အတူ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကော်ဖီတင်ပို့မှုမှ ဝင်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်နိုင်ပြီး ၂၀၂၄ ခုနှစ်က စံချိန်တင်ထားသည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံကျော်ဖြတ်နိုင်ကြောင်း သိရသည်။ လုပ်ငန်းနယ်ပယ်ဦးဆောင်သူများက ထိုသို့ကြီးထွားမှုသည် ကမ္ဘာလုံးဆိုင်ရာ ဈေးနှုန်းများ မြင့်တက်မှုကြောင့်သာမက အရည်အသွေးအဆင့်မြှင့်တင်ရန်၊ ကော်ဖီ၏ ထူးခြားမှုကို တိုးချဲ့ရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီရန် ဗီယက်နမ်၏ ကြိုးပမ်းမှုမဟာဗျူဟာကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကော်ဖီပျမ်းမျှ တင်ပို့သည့် ဈေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၈၀ ရှိပြီး ၂၀၂၄ ခုနှစ်တူညီသည့် ကာလထက် ၄၆ ဒသမ ၄ ရာခိုင် နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ဂျာမနီ၊ အီတလီနှင့် စပိန်တို့မှာ ထိပ်တန်းဝယ်ယူသူများအဖြစ် ဆက်လက်တည်ရှိနေပြီး မက္ကဆီကိုသို့တင်ပို့မှုမှာ ၉၀ ဆနှင့် တရုတ်သို့တင်ပို့မှုမှာ ၁၁ဒသမ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ပြုပြင်ထုတ်လုပ်ခြင်းနည်းပညာတွင် ကာလကြာရှည်ရင်းနှီး မြှုပ်နှံမှုများနှင့် ထောက်ပံ့မှုကွင်းဆက်ပွင့်လင်းမြင်သာမှုရှိခြင်းက ဗီယက်နမ် ရိုဘတ်စတာ ကော်ဖီ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခဲ့ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ လုပ်ငန်းများသည်လည်း အထူးပြုပြင် ထုတ်လုပ်ထားသည့် ကော်ဖီအစရှိသည့် တန်ဖိုးမြင့်ကဏ္ဍများသို့ ရွှေ့လျားနေကြောင်း သိရသည်။

ပုဂ္ဂလိကလုပ်ငန်းများသည်လည်း မောင်းနှင်အားတစ်ခုအနေဖြင့် ပေါ်ထွက်လာကြောင်း သိရသည်။ Gia Lai ပြည်နယ်၏ Vinh Hiep ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ သန်း ၇၅၀ ကျော်တန်ဖိုး တင်ပို့ခဲ့ပြီးဖြစ်ပြီး ယခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို ကျော်ဖြတ်နိုင်ရန် မျှော်မှန်းရကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် Phuc Sinh Group က ဗီယက်နမ်ရိုဘတ်စတာ ကော်ဖီသည် တစ်ချိန်က ဈေးနှုန်းနည်းပါးသည်ဟု ယူဆခဲ့ရသော်လည်း ယခုအခါ အဆင့်မြင့်ပြုပြင်ထုတ်လုပ်ခြင်း၊ ခေတ်မီစနစ်များနှင့် အသင့်သောက်သုံးနိုင်သည့် အထူးထုတ်လုပ်မှုသို့တိုးချဲ့နိုင်မှုတို့ကြောင့် ကမ္ဘာပေါ်တွင် ဈေးနှုန်းအမြင့်မားဆုံးထဲမှတစ်ခုဖြစ်လာကြောင်း မှတ်ချက်ပြုခဲ့သည်။

ဗီယက်နမ်သည် လတ်တလောတွင် ကော်ဖီ ၇၃၂၀၀၀ ဟတ်တာ ပတ်လည် စိုက်ပျိုးထားပြီး တစ်ဟတ်တာကို ပျမ်းမျှ ၂ ဒသမ ၉ တန် ထွက်ရှိကြောင်း သိရသည်။ အဆင့်မြင့်စိုက်ပျိုးမှု မော်ဒယ်များနှင့်ဆိုပါက တစ်ဟတ်တာလျှင် အထွက်နှုန်း ၅ တန်ထိရောက်ရှိ နိုင်ပြီး ကြီးထွားမှုအတွက် သိသာ ထင်ရှားသော အလားအလာရှိကြောင်း သိရသည်။ ဥရောပသမဂ္ဂ သစ်တောပြုန်းတီးမှု စည်းမျဉ်းအစ ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တင်းကျပ်သော စည်းမျဉ်းများထံမှ စိန်ခေါ်မှုများရှိနေသော်လည်း လုပ်ငန်းနယ်ပယ ်ကျွမ်းကျင်ပညာရှင်များ က ၎င်းကို စိမ်းလန်းပြီး စဉ်ဆက်မပြတ်တည်မြဲသော မော်ဒယ်များဆီသို့ အသွင်ကူးပြောင်းရန် အခွင့်အလမ်းတစ်ခုအဖြစ် ရှုမြင်ကြောင်း သိရ သည်။

**Vietnam Plus**

**မြသူ DOCA (ရန်ကုန်)**

# ကမ္ဘောဒီးယားနိုင်ငံ၏ အထည်အလိပ်၊ ဖိနပ်နှင့် ခရီးသွားအထောက်အကူပြု ပစ္စည်းများတင်ပို့မှု ဩဂုတ်လတွင် မြင့်တက်လာ



ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အထည်အလိပ်၊ အဝတ်အထည်၊ ဖိနပ်နှင့် ခရီးသွား အထောက်အကူပြုပစ္စည်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ ဒသ မ ၉၇ ဘီလီယံ တန်ဖိုး တင်ပို့ခဲ့ရာ ယခင်နှစ် အလားတူအချိန်က တင်ပို့ခဲ့သည့် ဒေါ်လာ ၉ဒသမ ၂၁ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း စက်တင်ဘာ ၁၉ ရက် ထုတ်ပြန်သော တရားဝင် အချက်အလက်များ အရ သိရသည်။

ဇန်နဝါရီလမှ ဩဂုတ်လ ကာလအတွင်း အမေရိကန်ဒေါ်လာ ၇ဒသမ၇၃ ဘီလီယံတန်ဖိုးရှိ အထည်အလိပ်များကို တင်ပို့ခဲ့ပြီး ယခင်နှစ်ကထက် ၁၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ အမေရိကန်ဒေါ်လာ ၄၄၉ သန်း တန်ဖိုးရှိအထည်အလိပ်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခဲ့ပြီး ၃၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ဖိနပ်များတင်ပို့ရာတွင် ၂၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ခရီးသွားသုံးပစ္စည်းများနှင့် အိတ်များ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံ တန်ဖိုးရှိ ပစ္စည်းများကို နိုင်ငံတကာ ဈေးကွက်သို့ ရောင်းချခဲ့ရာ ၆ ရာခိုင်နှုန်းနီးပါး တိုးတက်ခဲ့ကြောင်း သိရသည်။

အထည်ချုပ်၊ အထည်လိပ်၊ ဖိနပ်နှင့် ခရီးသွားလုပ်ငန်းသုံးပစ္စည်းများသည် ကမ္ဘောဒီးယားနိုင်ငံအတွက် အကြီးမားဆုံးသော နိုင်ငံခြားဝင်ငွေရှာပေးသည့် လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

**Source : Xinhua**

**DOCA (ရန်ကုန်)၊ ကျော်မြင့်ဦး**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# tcsefvlawC;pyg;pkefysK;aumufqHpyg; rsK;apchu&ch Drum Seeder ukd;pm

ဇော်မင်းလတ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသည့်နိုင်ငံဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား အဓိကထား စိုက်ပျိုးလျက်ရှိသည်။ ယခင်က မိုးစပါးစိုက်ပျိုးမှုကိုသာ ဦးစားပေးစိုက်ပျိုးသော်လည်း ယခုအခါ ခေတ်စနစ်အခြေအနေများ ပြောင်းလဲလာခြင်း၊ နည်းပညာများ တိုးတက်လာခြင်းကြောင့် တောင်သူများမှာ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံဟူ၍ တစ်သီးမှသုံးသီး စိုက်ပျိုးလာကြသည်။ စပါးစိုက်ပျိုးရာတွင် ယခင်က မိရိုးဖလာ နည်းအတိုင်း စပါးအား ပျိုးထောင်ပြီး စိုက်ပျိုးပါက ပျိုးထောင်ရက် (၂၅-၃၀)ရက်ကြာမှ လုပ်သားများဖြင့် ပျိုးနုတ်ပြီး စိုက်ပျိုးရသည့်အတွက် အချိန်ကုန်ခြင်း၊ စိုက်ပျိုးစရိတ် အကုန်အကျများခြင်းများရှိခဲ့သည်။ ယခုအခါ ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိမြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၌ လက်ဆွဲစပါးမျိုးစေ့ချကိရိယာ Drum Seeder အား ထုတ်လုပ်ပြီး တောင်သူများမှ ၎င်းကိရိယာဖြင့် စပါးများ စိုက်ပျိုးလာသည့်အတွက် အချိန်တိုအတွင်း လုပ်ငန်းများပြီးစီး၍ တောင်သူများအတွက် စိုက်ပျိုးစရိတ်သက်သာကြောင်း သိရသည်။ အဆိုပါ မျိုးစေ့ချ ကိရိယာအား ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ အမှတ်(၂) ပင်မစက်ပြင်အလုပ်ရုံနှင့် အမှတ်(၂)သုတေသနအလုပ်ရုံများ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ထုတ်လုပ်လျက်ရှိသည်။

ထုတ်လုပ်မှုအနေဖြင့် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ အင်းကုန်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်ထုတ်လုပ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ၅၆၂၄ ခုအားလည်းကောင်း ၊ အမှတ်(၂) ပင်မ စက်ပြင်အလုပ်ရုံနှင့် အမှတ်(၂) သုတေသနအလုပ်ရုံများ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်ထုတ်လုပ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ၂၄၇၀ ခုအားလည်းကောင်း စုစုပေါင်း ၈၀၉၄ ခုအား ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

Drum Seeder ထုတ်လုပ်ရာတွင် လက်ဆွဲစပါးမျိုးစေ့ချ ကိရိယာ ခြောက်တန်းနှင့် ရှစ်တန်းဟူ၍ နှစ်မျိုးရှိသည်။ မျိုးစေ့ချကိရိယာခြောက်တန်းဖြင့် စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ ၁၆-၂၀ ပြည်ကုန်ကျကြောင်း၊ ၎င်းမျိုးစေ့အား တစ်ညရေစိမ်ပြီး တစ်ည အပင်ဖောက်သည့်အခါ မျိုးစေ့၌ စာပါးစပ်များဖြစ်ပေါ်ပြီး မျိုးစေ့ချကိရိယာထဲသို့ ထည့်သွင်း၍ လူဖြင့်ဆွဲ၍ အစေ့ချစိုက်ပျိုးရကြောင်း၊ ထိုသို့အစေ့ချစိုက်ပျိုးရာတွင် အတန်းခြား ရှစ်လက်မကွာဝေးပြီး ပင်ခြားမှာ ၃ ဒသမ ၅ လက်မရှိကြောင်း၊ သံဘီးအချင်းမှာ ၁၄ လက်မရှိပြီး မျိုးစေ့ချ ကိရိယာ ၆ တန်းဖြင့် အစေ့ချပါက တစ်ဧကလျှင် နှစ်နာရီမှ နှစ်နာရီခွဲခန့်ကြာကြောင်း သိရသည်။ ၎င်းမျိုးစေ့ချကိရိယာတွင် လျှောပြားများပါရှိသည့်အတွက်ကြောင့် တမန်းပြင်တွင် ရှေ့လျှောပြားကို ကိရိယာ ရွှေ့လျားရန်တိုက်ဆွဲရပြီး သံဘီးများအနေဖြင့် မျိုးစေ့ပုံများ လည်ပတ်ရေးကိုသာ မောင်းနှင်ရခြင်းဖြစ်သဖြင့် လူ၏လုပ်အားကို သက်သာစေခြင်း၊ လျှောပြားပါရှိသည့်အတွက် လိုအပ်သည်ထက် ကိရိယာနစ်ဝင်ခြင်းမရှိဘဲ တမန်းပြင်အမျိုးမျိုးတွင် မျိုးစေ့ချပေးနိုင်ခြင်း၊ လျှောပြားမှ တိုက်ဆွဲမှုကြောင့် လက်ဖြင့်ဆွဲနေသည့် လူ၏လမ်းလျှောက်ခြေရာများကို ပြန်ညှိဖုံးပေးပြီး ညီညာသော တမန်းပြင်တွင် မျိုးစေ့ချပေးနိုင်ခြင်း၊ လျှောပြားပါ မျိုးစေ့ချ မြောင်းဖော်သည့် ဦးချွန်ပါရှိသဖြင့် မျိုးစေ့များ မြောင်းအတွင်းကျပြီး ရွှံ့နွံရေများပြန်ဖုံးပေးသဖြင့် ကျေးငှက်များ ဖျက်ဆီးမှုမှကာကွယ်ပေး နိုင်ခြင်း၊ စိုက်ကြောင်းအတွင်း မျိုးစေ့များကျပြီးဖြစ်သဖြင့် ရေများရှိသည့်အခါ (သို့မဟုတ်)မိုးရွာသွန်းသည့် အခါများတွင် မျိုးစေ့များ နေရာရွှေ့သွားမှုမရှိဘဲ စိုက်တန်းရရှိနိုင်ခြင်း၊ ပင်ကြားတန်းကြားညီညာစွာ စိုက်ပျိုးထားခြင်းကြောင့် ပေါင်းလိုက်ရန်လွယ်ကူခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာပြီး အချိန်ကုန်သက်သာခြင်း၊ မျိုးစေ့ချပုံးကိုလည်ပတ်စေသည့် သံဘီးများမှ အတက်များကိုလိမ်ပြီး တပ်ဆင်ထားသဖြင့် ရွှံ့နွံများ အလွယ်တကူ ကွာကျခြင်းနှင့် သံဘီးအတက်များကို ချွန်ထားသဖြင့် လက်ဖြင့်ဆွဲနေသည့်လူ၏ အားစိုက်ပျိုးဆွဲရမှုကို သက်သာစေခြင်း၊ မျိုးစေ့ချကိရိယာကို လက်ဖြင့်ဆွဲသည့် လူ၏အရပ်အနိမ့်၊ အမြင့်အရ လက်ကိုင်ကို အလွယ်တကူ ချိန်ညှိနိုင်ခြင်း၊ မျိုးစေ့ချပုံးကို လည်ပတ်စေသည့် သံဘီးများအား တမန်းပြင်အတွင်း နစ်ဝင်မောင်းနှင်မှုကို ရှေ့လျှောပြားဖြင့် အလွယ်တကူချိန်ညှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိသည်။ လက်ဆွဲစပါးမျိုးစေ့ချကိရိယာ ရှစ်တန်းဖြင့် စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ ၁၂-၁၄ ပြည် အထိ ကုန်ကျကြောင်း၊ ၎င်းမျိုးစေ့အား တစ်ည ရေစိမ်ပြီး တစ်ည အပင်ဖောက်သည့်အခါ မျိုးစေ့၌ စာပါးစပ်များဖြစ်ပေါ်ပြီး မျိုးစေ့ချကိရိယာထဲသို့ ထည့်သွင်းပြီး လူဖြင့်ဆွဲ၍ အစေ့ချ စိုက်ပျိုးရကြောင်း၊ ထိုသို့အစေ့ချစိုက်ပျိုးရာတွင် တန်းခြား ရှစ်လက်မ ကွာဝေးပြီး ပင်ခြား ငါးလက်မရှိကြောင်း၊ သံဘီးအချင်း (၁၄) လက်မရှိပြီး မျိုးစေ့ချကိရိယာ ရှစ်တန်းဖြင့် အစေ့ချပါက တစ်ဧကလျှင် နှစ်နာရီခန့်သာ ကြာကြောင်း သိရသည်။



၎င်းမျိုးစေ့ချကိရိယာများ၏ အားနည်းချက်အနေဖြင့် တမန်းပြင်ပေါ် မျိုးစေ့များ ကြဲဖြန့်ထားလျှင် ကျေးငှက်များ ဖျက်ဆီးနိုင်ခြင်း၊ လက်ဖြင့်ဆွဲနေသည့် လူ၏လမ်းလျှောက်ခြေရာများ တမန်းပြင်တွင် ကျန်ရှိနေခြင်း၊ တမန်းပျော့လွန်းသည့် မြေများတွင် ဘီးနစ်ဝင်မှုများပြီး မျိုးစေ့ပုံးများသည် တမန်းပြင်နှင့်ပွတ်တိုက်ကာ မျိုးစေ့ချ ပေါက်များကို ရွှံ့နွံများပိတ်နိုင်ခြင်း၊ တမန်းပြင်အပေါ် မျိုးစေ့များချခြင်းဖြစ်၍ ရေများရှိနေသည့်အခါ (သို့မဟုတ်)မိုးရွာသွန်းသည့်အခါများတွင် စိုက်တန်း မဖြစ်တော့ဘဲ မျိုးစေ့များ နေရာရွှေ့သွားနိုင်ခြင်းစသည့် အားနည်းချက်များဖြစ်ပေါ်စေသည်။ ခြောက်တန်းမျိုးစေ့ချ ကိရိယာများအား ကျောက်ဆည်ခရိုင်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တောင်သူများထံသို့ အရေအတွက် ၁၀၀ခုဆိုလျှင် တစ်ခုကို ကျပ် ၂၃၀၀၀၀ နှုန်းဖြင့် ရောင်းချရန် အင်းကုန်းစက်ရုံများ၌လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ အမှာစာရှိသလောက် ထုတ်လုပ်ပေးလျက်ရှိသည်။

တောင်သူများ အနေဖြင့် သမားရိုးကျနည်းဖြင့် ပျိုးထောင်စိုက်ပျိုးပြုလုပ်ရာတွင် လုပ်သားခအနေဖြင့် တစ်ဧကလျှင် ကျပ် ၂၀၀၀၀၀ ကုန်ကျပြီး ယခု Drum Seeder အား ကိုယ်ပိုင်မရှိသော်လည်း ၎င်းကိရိယာအား ငှားရမ်းအသုံးပြုပါက လူနှင့်ကိရိယာအပါ တစ်ဧကလျှင် ကျပ် ၄၀၀၀၀ သာ ကုန်ကျသောကြောင့် အချိန်ကုန်သက်သာခြင်း၊ ကုန်ကျစရိတ် သက်သာခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ လက်စွဲ စပါးမျိုးစေ့ချကိရိယာ Drum Seeder အား တောင်သူများအနေဖြင့် အသုံးပြုသင့်ကြောင်း ရေးသားလိုက်ပါသည်။

**Mdydoca**

## ပခုက္ကူမြို့ ဘိလပ်မြေ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းများအခြေအနေ

ပခုက္ကူမြို့တွင် စက်တင်ဘာလဆန်းပိုင်းက ကြံ့နှစ်ကောင် ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၂၁၀၀၀၊ အယ်လ်ဖာဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ ရှိခဲ့ပြီး ယခု စတုတ္ထပတ်တွင် အနည်းငယ်တက်လာပြီး ကြံ့နှစ်ကောင် ဘိလပ်မြေတစ်အိတ်လျှင် ကျပ် ၂၁၅၀၀၊ အပါချီ ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၂၁၅၀၀ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ဆိုင်များတွင် လက်ကျန် လုံလောက်စွာရှိကြောင်း သိရသည်။

စက်တင်ဘာ စတုတ္ထပတ်တွင် အသုံးများသော ဓာတ်မြေဩဇာ ဈေးနှုန်းများမှာ ရွှေနဂါး ယူရီးယား တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ တရုတ်တီစူပါ သံကွင်း 50 kgပါ တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ မြန်မာဩဘာ ရွှေကောမက် (50)kg ပါ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဩဘာကွန်ပေါင်း 50 kg ပါ တစ်အိတ်လျှင် ကျပ် ၁၉၅၀၀၀၊ ကောမက်ကွန်ပေါင်း 15;15;15 (50kg)ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ တရုတ်အာမို ၁၆း၁၆း၁၆ (50kg)ပါ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀ ၊ အာမို ကွန်ပေါင်း(50)kgပါ တစ်အိတ်လျှင် ကျပ် ၁၇၅၀၀၀ ဈေးဖြင့် အာမိုမှ ထုတ်လုပ်သော ဓာတ်မြေဩဇာများမှာ ပို၍အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပိုးသတ်ဆေးဈေးနှုန်းများမှာ အာမိုမက်နီ ဖော့(500)cc တစ်ဘူးလျှင် ကျပ် ၆၇၀၀၀၊ အာမိုမက်နီဖော့တစ်လီတာတစ်ဘူးလျှင် ကျပ် ၁၁၆၀၀၀၊ မိုစတားတစ်လီတာ တစ်ဘူးလျှင် ကျပ် ၆၇၀၀၀၊ အာမိုအီမာ (250)ccတစ်ဘူးလျှင် ကျပ် ၁၈၀၀၀၊ (500)cc တစ်ဘူးလျှင် ကျပ် ၃၂၅၀၀၊ တစ်လီတာ တစ်ဘူးလျှင် ကျပ် ၆၀၀၀၀၊ ဂျက်ကက် မင်းမဟော် (100)cc တစ်ဘူးလျှင် ကျပ် ၁၆၅၀၀၊ ဩဘာ အဆီဖိတ် (500)gပါ တစ်ထုပ်လျှင် ကျပ် ၃၂၀၀၀၊ ဩဘာ ငှက်ကြီးတောင် (100)cc တစ်ဘူးလျှင် ကျပ် ၃၆၀၀၀၊ ဩဘာငှက်ကြီးတောင် (250)cc တစ်ဘူးလျှင်ကျပ် ၆၂၀၀၀၊ မင်းမဟော်ဖော်ယူဘိုး (500)cc တစ်ဘူးလျှင် ကျပ် ၄၅၀၀၀၊ (250)cc တစ်ဘူးလျှင် ကျပ် ၂၅၅၀၀၊ မင်းမဟော် ဂုတ်မက်ပ် (250)cc တစ်ဘူးလျှင် ကျပ် ၃၆၅၀၀၊ (500)cc တစ်ဘူးလျှင် ကျပ် ၆၂၀၀၀ ဈေးနှုန်းအသီးသီးဖြင့် ဈေးနှုန်းတည်ငြိမ်စွာဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်သည် ပဲမျိုးစုံပေါ် ချိန်ဖြစ်၍ ဓာတ်မြေဩဇာထက် ပိုးသတ်ဆေးများမှာ ပို၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လုပ်ငန်း ရှင်များထံမှ သိရသည်။

**စန်းမြင့်ရီ(ပခုက္ကူ)**

# စားအုန်းဆီကြမ်း တစ်တန်လျှင် ရင်းဂစ် ၄၅၀၀ အထိ ဈေးနှုန်းရရှိရန် မလေးရှား မျှော်မှန်း



ကမ္ဘာ့စားသုံးဆီဈေးကွက်ခိုင်မာမှုနှင့် ရောင်းလိုအားအပိုင်းမရေရာမှုများ ရှိနေခြင်းတို့ကြောင့် မလေးရှား စားအုန်းဆီကြမ်း (CPO) ဈေးနှုန်းသည် မကြာမီကာလအတွင်း တစ်တန်လျှင် ရင်းဂစ် ၄၂၀၀ နှင့် ရင်းဂစ် ၄၅၀၀ ကြားနှုန်းထားဖြင့် အရောင်းအဝယ်ဖြစ်နိုင်ဖွယ်ရှိသည်ဟု မလေးရှား စားအုန်းဆီကောင်စီ (MPOC) ၏ ပြောကြားချက်အရ သိရကြောင်း The Edge Malaysia သတင်းဌာနက စက်တင်ဘာ ၂၂ ရက်တွင် ဖော်ပြထားသည်။

အဓိကအားဖြင့် အင်ဒိုနီးရှားမှ စားအုန်းဆီကိုလည်းကောင်း၊ အမေရိကန်နှင့် ဘရာဇီးတို့မှ ပဲပုပ်ဆီကိုလည်းကောင်း ဇီဝဒီဇယ်ထုတ်လုပ်မည့်မူဝါဒများ အသီးသီး ချမှတ်လုပ်ကိုင်ခြင်းကြောင့် တင်ပို့ရန်အတွက် စားသုံးဆီများ တင်သွင်းနိုင်မှုမှာ မသေချာမရေရာမှုများရှိနေချိန်၌ စားအုန်းဆီဈေးနှုန်း အတက်ဘက်သို့ ဖြစ်ပေါ်နိုင်မှုမှာ ကန့်သတ်ချက်ရှိနေသည်။

ထို့အပြင် ရေနံစိမ်းဈေးနှုန်းများသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ (၂၅၂ဒသမ၃၆ ရင်းဂစ်) ဝန်းကျင်တွင် တည်ငြိမ်လျက်ရှိနေခဲ့ပြီး တန်ဖိုးမြင့်တက်မည့် အရိပ်အခြေရှိနေသဖြင့် ဟင်းသီးဟင်းရွက်ဆီများ ဈေးနှုန်းခိုင်မာမှုကို ထပ်လောင်းပံ့ပိုးပေးလျက်ရှိကြောင်း စက်တင်ဘာ ၂၂ ရက်တွင် MPOC က ထုတ်ပြန်ခဲ့သည်။

မလေးရှား၏ စားအုန်းဆီ သိုလှောင်မှုလက်ကျန်မှာ ဩဂုတ်လတွင် တန်ချိန် ၂ဒသမ ၂၀ သန်းအထိ မြင့်တက်ခဲ့သည်။ ထုတ်လုပ်မှုအနေဖြင့် တန်ချိန် ၄၃၀၀၀ ပိုမိုတိုးတက်လျက် တန်ချိန် ၁ ဒသမ ၈၅ သန်းအထိ ရှိလာသော်လည်း တင်ပို့မှုအနေဖြင့် တန်ချိန် ၁ ဒသမ ၃၂ သန်းသာ ရှိခဲ့သည့်အတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ နောက်ပိုင်း၌ အမြင့်ဆုံးလက်ကျန်ပမာဏသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ စားအုန်းဆီလက်ကျန် များပြားမှုရှိသော်လည်း ဟင်းသီးဟင်းရွက်ဆီဈေးကွက်၌ ရောင်းလိုအားတင်းကျပ်မှု ကျယ်ပြန့်စွာဖြစ်ပေါ်လျက်ရှိရာ ဈေးနှုန်းများ ဆက်လက်ခိုင်မာနေပြီး စားအုန်းဆီကဏ္ဍမှ ဝင်ငွေသည် တတိယသုံးလပတ်တွင် ၁၀ ဒသ မ ၉ ရာခိုင်နှုန်း တိုးတက်မှုဖြင့် ဦးဆောင်ခဲ့သည်။

ရှေ့အနာဂတ်ကို မျှော်ကြည့်ရာတွင် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ဝယ်လိုအားသည် ၂၀၂၆ ခုနှစ်အတွင်း ထုတ်လုပ်မှုထက်သာလွန်မည်ဟု ခန့်မှန်းရပြီး အဓိကဈေးကွက်များတွင် ချမှတ်ထားသည့် ဇီဝဒီဇယ်ထုတ်လုပ်မှု မူဝါဒများက တင်ပို့နိုင်မှုကို ပိုမိုကန့်သတ်နိုင်သည်ဟု MPOC က ထပ်လောင်းပြောကြားခဲ့သည်။

စားအုန်းဆီ ထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ရာသီအလိုက် ကျဆင်းလာမည်ဖြစ်ပြီး ယင်းအခြေအနေက ကုန်လက်ကျန်များပြားမှု ဖိအားကို သက်သာစေလျက် ဈေးနှုန်းများကောင်းမွန်မှုကိုပါ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဇီဝဒီဇယ်၌ စားအုန်းဆီ ၅၀ ရာခိုင်နှုန်း ရောနှောအသုံးပြုမည့် အစီအစဉ်ကို အစိုးရက တိုးမြှင့်လုပ်ဆောင်ပါက အင်ဒိုနီးရှား၏ တင်ပို့နိုင်မည့် စားအုန်းဆီပမာဏသည် ဖြစ်နိုင်ခြေရှိသော အရေအတွက်အောက်သို့ ကျဆင်းသွားနိုင်သည်။ အဆိုပါ အချက်များသည် ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းများကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဆက်လက်ထိန်းထားနိုင်ဖွယ်ရှိသည်ဟု MPOC ကဆိုသည်။

အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့ရှိ လယ်သမားများသည် အမြတ်အစွန်း ပိုမိုရရှိသော သီးနှံများကို ပြောင်းလဲစိုက်ပျိုးသောကြောင့် ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှုသည် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တန်ချိန် ၂၇ သန်းထိတိုးတက်ထုတ်လုပ်ခဲ့ရာမှ ၂၀၂၅-၂၀၂၆ ခုနှစ်၌ တန်ချိန် ၂ ဒသမ ၅ သန်းခန့် သိသာစွာ လျော့နည်းနိုင်ပြီး ထုတ်လုပ်မှု နှေးကွေးသွားဖွယ်ရှိသည်။

ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့ (CBOT) တွင် လက်ရှိပဲပုပ်စေ့ဈေးနှုန်းသည် အမေရိကန်၏ ပဲပုပ်စေ့ တစ်ဘူရှယ် (ပေါင် ၆၀) ထုတ်လုပ်မှုကုန်ကျစရိတ် ၁၁ ဒသမ ၀၃ အမေရိကန်ဒေါ်လာအောက်သို့ လျော့နည်းလျက် ၁ ဘူရှယ်လျှင် ၁၀ဒသမ၄၀ အမေရိကန်ဒေါ်လာနှုန်းရှိနေကြောင်း အမေရိကန် ပဲပုပ်အသင်း၏ အချက်အလက်များကို ကိုးကားလျက် MPOC က မှတ်ချက်ပြုပြောကြားသည်။

၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှုသည် စားသုံးမှုထက် ပိုလျှံနေဦးမည်ဖြစ်သော်လည်း ကုန်လက်ကျန်ပမာဏ စုပုံလာမှုသည် လွန်ခဲ့သည့်သုံးနှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ နှေးကွေးမည်ဟု မျှော်လင့်ရပြီး ပဲပုပ်ဈေးနှုန်းများ ကျဆင်းသွားစေနိုင်သည့် ဖိအားများကို လျှော့ချနိုင်မည်ဟု MPOC ကဆိုသည်။

စားသုံးဆီ အဓိကတင်သွင်းသောနိုင်ငံများတွင် ဟင်းသီးဟင်းရွက်ဆီ သိုလှောင်မှုမှာလည်း ပြန်လည်ကောင်းမွန်လာခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ဟင်းသီးဟင်းရွက်ဆီသိုလှောင်မှုမှာ ၂၀၂၅ ခုနှစ် မေလတွင် တန်ချိန် ၁ ဒသမ ၃၃ သန်းသာရှိခဲ့ရာ ဩဂုတ်လတွင် တန်ချိန် ၁ ဒသမ ၈၆ သန်းသို့ရောက်ရှိပြီး ၄၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

တရုတ်နိုင်ငံတွင် ဟင်းသီးဟင်းရွက်ဆီ သိုလှောင်မှုမှာ ၂၀၂၅ ခုနှစ် မေလမှစတင်၍ မြင့်တက်လာခဲ့ပြီး ဩဂုတ်လတွင် တန်ချိန် ၂ ဒသမ ၄ သန်းအထိ ရောက်ရှိခဲ့ရာ ယခင်နှစ်ထက် ၂၁ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ တရုတ်နိုင်ငံ၏စားအုန်း ဆီ သိုလှောင်မှုမှာလည်း စက်တင်ဘာလလယ်အထိ တန်ချိန် ၆၄၆၀၀၀ ခန့်ရှိပြီး တင်သွင်းရန် မလိုအပ်ဘဲ သုံးလစာ ရောင်းလိုအားနှင့် ညီမျှကြောင်း သိရသည်။

**Source: The Edge Malaysia, 22th Sept 2025**

**D Thi, DOCA**

## အိန္ဒိယနိုင်ငံမှ အမေရိကန်နိုင်ငံသို့ စမတ်ဖုန်းများ တင်သွင်းမှု ကျဆင်းလာ

အိန္ဒိယနိုင်ငံ၏ အကြီးဆုံး စမတ်ဖုန်းတင်ပို့သည့် ဈေးကွက်ဖြစ်သည့် အမေရိကန်နိုင်ငံသို့ စမတ်ဖုန်းတင်ပို့မှုသည် မေလက တင်ပို့ခဲ့သော အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉ ဘီလီယံမှ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၉၆၄ ဒသမ၈ သန်းသို့ ၅၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း GTRI ၏ စက်တင်ဘာ ၂၂ ရက် အချက်အလက်များအရသိရသည်။

ထိုသို့ ကျဆင်းမှု အကြောင်းရင်းမှန်ကို မသိရသေးသော်လည်း စုံစမ်းစစ်ဆေးရန် ကြိုးပမ်းလျက်ရှိကြောင်း The Global Trade Research Initiative မှ ပြောကြားခဲ့သည်။ ဇွန်လတွင် စမတ်ဖုန်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂ဘီလီယံရှိပြီး ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၁ဒသမ၅၂ ဘီလီယံထိရှိကြောင်း သိရသည်။

၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်နိုင်ငံသည် သွင်းကုန် ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသော စမတ်ဖုန်းများ (အိန္ဒိယနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာတင်ပို့မှု၏ ၄၄ ရာခိုင်နှုန်း)ကို အိန္ဒိယနိုင်ငံမှ တင်သွင်းခဲ့ပြီး အိန္ဒိယ၏ ထိပ်တန်း စမတ်ဖုန်းတင်ပို့သည့် ဈေးကွက်အဖြစ်တည်ရှိပြီး ၎င်း၏နောက်တွင် EU မှ ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိသော စမတ်ဖုန်းများ (အိန္ဒိယနိုင်ငံ တစ်ကမ္ဘာလုံးဆိုင်ရာ တင်ပို့မှု၏ ၂၉ဒသမ၅ ရာခိုင်နှုန်း)ကို တင်သွင်းခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဒုတိယအများဆုံး စမတ်ဖုန်းတင်သွင်းသည့် ဈေးကွက်အဖြစ်ရပ်တည်လျက်ရှိသည်။ စမတ်ဖုန်းများအပြင် အမေရိကန်၏ မြင့်မားသော အကောက်ခွန်များနှင့် ရင်ဆိုင်နေရသော ကုန်ပစ္စည်းများသည်လည်း တင်ပို့မှုစံချိန်တင်ကျဆင်းခဲ့ကြောင်း၊ စိုးရိမ်ဖွယ်ရာအချက်မှာ စမတ်ဖုန်းနှင့် ဆေးဝါးကဲ့သို့သော အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ပို့မှု ကျဆင်းလာခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုကျဆင်းမှုများက အိန္ဒိယနိုင်ငံ၏ Product Link Incentive (PLI) အောင်မြင်မှုကို လမ်းလွဲစေရန် ခြိမ်းခြောက်လျက်ရှိကြောင်း GTRI တည်ထောင်သူ Ajay Srivastava က ပြောကြားခဲ့သည်။

**Source : economictimes**

**DOCA (ရန်ကုန်)၊ ဟန်ကိုကျော်**

## ဘာစမာတီမဟုတ်သောဆန်တင်ပို့မှု မဖြစ်မနေ မှတ်ပုံတင်ရန် အိန္ဒိယအစိုးရ အမိန့်ထုတ်ပြန်


ဘာစမာတီမဟုတ်သောဆန်များကို ပြည်ပသို့ တင်ပို့ရာတွင် အကောက်ခွန်ဌာနထံမှ ခွင့်ပြုချက်မရယူမီ ဆန်တင်ပို့မှု အရောင်းအဝယ်စာချုပ်များကို လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီး စားသောက်ကုန်များ တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (APEDA) ထံ၌ မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ရန် အိန္ဒိယအစိုးရက အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယ ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၂၅-၂၆ တွင် ဘာစမာတီမဟုတ်သော ဆန်များ ပြည်ပသို့ တင်ပို့မှုနှင့် စပ်လျဉ်း၍ မူဝါဒအသစ် ထပ်တိုးလျက်ပြင်ဆင်ခြင်းဖြစ်ပြီး APEDA အာဏာပိုင်ထံ၌ စာချုပ်များ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း၊ ယခုအမိန့်သည် လက်ငင်းအာဏာသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ ရောင်းလိုအား တည်ငြိမ်မှုရှိစေရေးအတွက် ဘာစမာတီ မဟုတ်သောဆန်ဖြူ တင်ပို့မှုကို ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်၍ ပိတ်ပင်တားမြစ်ထားရာမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ပြန်လည်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**Source: Informist Media, 24 Sept 2025**

**UNAL, DOCA**




# အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများ ပေါ်ပေါက်ရေး

စတော့ရှယ်ယာဈေးကွက်တွင် လက်လီရင်းနှီးမြှုပ်နှံသူများနှင့် အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများဟူ၍ ရှိသည့်အနက် အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများ၏အခန်းကဏ္ဍမှာ အရေးပါသည့်နေရာတွင် ရှိနေသည်။ ၎င်းအဖွဲ့များသည် စတော့ဈေးကွက်အတွင်း ငွေဖြစ်လွယ်မှု ရှိစေရေး၊ မှန်ကန်သည့် ဈေးနှုန်းဖြစ်ပေါ်စေရေး၊ ဈေးကွက်တည်ငြိမ်မှုနှင့် အများပြည်သူယုံကြည်မှု ရရှိစေရေး၊ ကောင်းမွန်သည့် ကော်ပိုရိတ်စီမံခန့်ခွဲမှု စနစ်ဖြစ်ပေါ်စေရေး ၊ ပမာဏကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများ ရရှိစေရေး၊ ဆုံးရှုံးနိုင်ခြေရှိမှုကို ဖြန့်ကြက်စေရေးနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေးတို့အတွက် ကူညီပံ့ပိုးပေးသည့် အဖွဲ့များဖြစ်သည်။

အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများသည် ပုံသဏ္ဍာန်အမျိုးမျိုးရှိသည့်အနက် ထင်ရှားသည့် အဖွဲ့များမှာ Mutual Fund, Pension funds, Endowment Funds, Hedge Funds, Insurance Companies , Sovereign Wealth Fund နှင့် Commercial Banks စသည်တို့ဖြစ်သည်။

အဆိုပါ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများနှင့် တစ်ဦးချင်း လက်လီ ရင်းနှီးမြှုပ်နှံသူများကြားတွင် မတူညီသည့် ဝိသေသလက္ခဏာများရှိပြီး ယင်းတို့ကို အောက်ဖော်ပြပါဇယားဖြင့် တင်ပြအပ်ပါသည်။

| | အရင်းအမြစ်နှင့် ဗဟုသုတ | ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများ | ရင်းနှီးမြှုပ်နှံမှု စရိတ် | ပမာဏနှင့် သက်တမ်း |
|---|---|---|---|---|
| လက်လီရင်းနှီးမြှုပ်နှံသူများ | အကန့်အသတ်ရှိ | စတော့၊ ငွေဈေးစာချုပ်၊ option, future contract များ | ဝန်ဆောင်ခများနှင့် ကော် မရှင်ခများ ပုံသေ သတ်မှတ် | နည်းပါးပြီး သက်တမ်းတို |
| အဖွဲ့အစည်းလိုက်ရင်းနှီးမြှုပ်နှံသူများ | ကျယ်ပြန့် ၊ စည်းမျဉ်းများ ဖြင့် ထိန်း ကျောင်း | အထက်ပါ စာချုပ်စာတမ်းများ အပြင် SWAP , FORWARD တို့ပါဝင် | ဝန်ဆောင်ခများနှင့် ကော်မရှင်ခများ ညှိနှိုင်းဆောင်ရွက် | များပြားပြီး သက်တမ်းရှည် |

အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများပေါ်ပေါက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ထဲတွင် တက်ကြွစွာပါဝင်လာစေရေးအတွက် အောက်ဖော်ပြပါ အခြေခံအချက်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။

(က) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊
(ခ) ငွေဖြစ်လွယ်မှု၊
(ဂ) အခွန်အကောက်စနစ်များကောင်းမွန်မှု၊
(ဃ) ဥပဒေ နှင့် စည်းမျဉ်းများခိုင်မာမှု၊
(င) အစိုးရ၏ ထောက်ခံအားပေးမှု စသည်တို့ဖြစ်ပါသည်။

**(က) အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး။** ။ အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ လွယ်လင့်တကူ ရင်းနှီးမြှုပ်နှံနိုင်သည့် အမျိုးအစားစုံလင်သည့် ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများ ရှိရန်လိုအပ်သည်။ ရင်းနှီးမြှုပ်နှံရာတွင်လည်း အိုင်စီတီ စနစ်သုံး အလိုအလျောက် ဝယ်ယူနိုင်သည့်

## ထွန်းသက်ထွန်း

စနစ်များ ရှိရန်လိုအပ်သလို လွယ်ကူမြန်ဆန်သည့် စာရင်းရှင်းလင်းရေးစနစ်များလည်းရှိရန် လိုအပ်သည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု အထောက်အကူစနစ်များဖြစ်သည့် ရင်နှီးမြှုပ်နှံမှု စာချုပ်စာတမ်းများ လက်ခံထိန်းသိမ်းသည့် Custodian များလည်း ရှိရန်လိုအပ်သည်။ ထိရောက်သည့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များဖြစ်သည့် စာရင်းရှင်းလင်းရေး စနစ်များ၊ ထိရောက်သည့် ကော်ပိုရိတ်အရေးယူဆောင်ရွက်မှုများလည်း ရှိရန်လိုအပ်သည်။

**(ခ) ငွေဖြစ်လွယ်မှု ။** ။ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုတစ်ခုမှာ ငွေဖြစ်လွယ်မှု (Liquidity )ဖြစ်သည်။ ငွေဖြစ်လွယ်မှု ဖြစ်စေရေးအတွက် အရေးပါသည့် အချက်များပြည့်စုံရမည်ဖြစ်သည်။ ပထမအချက်မှာ Diversification ဟုခေါ်သည့် အမျိုးအစားစုံလင်စွာ ခွဲချမ်းစိတ်ဖြာရင်းနှီးမြှုပ်နှံနိုင်ခြင်းဖြစ်သည်။ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများသည် မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုအစု investment portfolio တွင် အမျိုးအစား စုံလင်စွာ ခွဲခြားရင်းနှီးမြှုပ်နှံထားခြင်းဖြင့် ငွေကြေးလိုအပ်၍ ရောင်းချသည့်အချိန်တွင် အလွယ်တကူ ငွေပေါ်နိုင်သည်။ နောက်တစ်ချက်မှာ ကုမ္ပဏီတစ်ခုမှ ထုတ်ရောင်းသည့် ရှယ်ယာများကို လုံလောက်သည့် ပမာဏကို အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းဖြစ်သည်။ နောက်တစ်ချက်မှာ အလွယ်တကူ ဝယ်ယူခြင်း၊ ပြန်လည် ရောင်းချ၍ မိခင်နိုင်ငံသို့ ငွေကြေးပြန်လည်လွှဲပို့ခြင်းကို အလွယ်တကူ ပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။

**(ဂ) အခွန်အကောက်စနစ်များ ကောင်းမွန်မှု။** ။ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများကို အားပေးသည့်အနေဖြင့် ဝင်ငွေများအပေါ် အခွန်သက်သာခွင့်များပေးခြင်း၊ အခွန်ကင်းလွတ်ခွင့်ပေးခြင်း စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထို့အတူ အသစ်ထူထောင်သည့်အဖွဲ့အစည်းများအတွက် အခွန်မက်လုံးများပေးခြင်း၊ အခွန်ဆိုင်ရာ အယူခံဝင်ခွင့်များ၊ လျှော့ပေါ့ခွင့်များ ပေးခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် လိုအပ်သည်။

**(ဃ) ဥပဒေနှင့် စည်းမျဉ်းများခိုင်မာမှု ။** ။ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများ လိုအပ်သည်မှာ နိုင်ငံတကာမှ စံထားရသည့် ဥပဒေစည်းမျဉ်းများရှိရေးဖြစ်သည်။ ဥပဒေစည်းမျဉ်းများ ခိုင်မာရေးနှင့် နိုင်ငံတကာနှင့် လိုက်လျောညီထွေရှိသည့် နည်းစနစ်များရှိမှသာ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာစွာ ရပ်တည် နိုင်မည်ဖြစ်သည်။ နောက်တစ်ချက်မှာ ရှင်းလင်းမြင်သာသည့် စနစ်များ၊ ပွင့်လင်းမြင်သာသည့် စွမ်းဆောင်ရည်ပြည့်သည့် ရုံးလုပ်ငန်းဆိုင်ရာ စနစ်များရှိရေးဖြစ်ပသည်။

**(င) အစိုးရ၏ ထောက်ခံအားပေးမှု ။** ။ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံတစ်ခုတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရာတွင် သက်ဆိုင်ရာ အစိုးရနှင့် တာဝန်ရှိသူများ၏ ထောက်ခံအားပေးမှုနှင့် ကူညီဖေးမမှုများရှိရန် လိုအပ်သည်။ အထူးသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းရမည့် ကိစ္စရပ်များအပေါ် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးမှု Regulatory interaction၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ်တွင် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးမှု industry interaction နှင့် သတင်းမီဒီယာများ၏ မှန်ကန်သော တုံ့ပြန်ဆောင်ရွက်ပေးမှု media support စသည်တို့ လိုအပ်သည်။

**Reference : Investment Guide Book**

# ရမည်းသင်းမြို့နယ် ဒေသထွက် အသားခြောက်လုပ်ငန်း

အသားခြောက်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် ရှေးအကျဆုံး စားသောက်ကုန်ထုတ်လုပ်မှု တစ်ခုဖြစ်ပြီး ယခုအခါရိုးရာဓလေ့ ခေတ်မီစက်မှုလုပ်ငန်းတစ်ခုအဖြစ် ကူးပြောင်းလာပြီး အရေးပါသော အသေးစား စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်လာသည်။ အသားခြောက်သည် ကြာရှည်ခံခြင်း၊ အာဟာရကြွယ်ဝခြင်း၊ အရသာ ကောင်းမွန်ခြင်းနှင့် သယ်ဆောင်ရလွယ်ကူခြင်း စသည့် အားသာချက်များကြောင့် လူအများ ကြိုက်နှစ်သက်သည့် အစားအစာအဖြစ် ရပ်တည်လျက်ရှိသည်။

ရမည်းသင်းမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သီးနှံမျိုးစုံ စိုက်ပျိုးကြသည့်အပြင် မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့် MSME လုပ်ငန်းများလည်းရှိသည်။ ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှ နွားမွေးမြူရေးလုပ်ငန်းများအား တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပြီး ထွက်ရှိသော အသားများကို ဒေသတွင်းစားသုံးမှုအပြင် တန်ဖိုးမြှင့်ထုတ်ကုန် အသားခြောက်များ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ရမည်းသင်းမြို့နယ်၌ ဒေသတွင်းနွားမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသော အမဲသားများကို တန်ဖိုးမြှင့်ထုတ်ကုန် အသားခြောက်လုပ်ငန်းများထုတ်လုပ်သည့် လုပ်ငန်းရှင် ခြောက်ဦးခန့်ရှိ သည်။ သားခြောက်လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းကို ဒေသတွင်း လိုင်စင်ရ သားသတ်လုပ်ငန်းများမှ ဝယ်ယူထုတ်လုပ်ကြသည်။

အသားခြောက် ပြုလုပ်ရာတွင် ပထမဦးစွာ အမဲသားများကို ဆား၊ ချင်း၊ အချိုမှုန့်နှင့် စားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုသည့် ပွဆေး အနည်းငယ်ဖြင့်ရောနယ်၍ နေလှန်းပြီး ညဘက်ရောက်လျှင် မီးဖိုဖြင့် မီးကင်ပြီး ဒုတိယနေ့တွင် ထပ်မံနေလှန်းကြောင်း၊ တတိယနေ့တွင် နေလှန်းပြီး အသားများကို ကြော်၍ အပူရှိန်မကျမီ မိုးကာကုန်းဖြင့် အုပ်ထားသဖြင့် အနည်းငယ် ပျော့လာသည့်အခါ မော်တာဖြင့်ပြန်ကြိတ်၍ မီးကင်ပြီး အအေးခံကာ Packing ထုပ်ပိုးမှုများ ပြုလုပ်ကြောင်း သိရသည်။

ထုတ်လုပ်မှုအနေဖြင့် ဒေသတွင်း လိုင်စင်ရ သားသတ်လုပ်ငန်းများထံမှ အမဲသားအစိုတစ်ပိဿာလျှင် ကျပ် ၂၆၀၀၀ ဖြင့် ဝယ်ယူရကြောင်း၊ အမဲသား အစိုကုန်ကြမ်း ပိဿာချိန် ၁၀၀ လျှင် အမဲသားခြောက် (အစိမ်း)ပိဿာ ၄၀ ခန့်ထွက်ရှိကြောင်း၊ အမဲသားအစို ပိဿာ ၂၀၀ လျှင် အမဲသားခြောက် (မီးကင်)ပိဿာ ၄၀ ခန့်ထွက်ရှိကြောင်း၊ အောက်တိုဘာလမှ ဧပြီလအထိ အရောင်း အဝယ်ကောင်း၍ တစ်လလျှင် ကုန်ကြမ်းပိဿာ ၂၀၀၀-၃၀၀၀ အထိ ထုတ်လုပ်နိုင်ပြီး ကုန်ချောပိဿာ ၄၀၀-၆၀၀ ခန့်ထွက်ရှိကြောင်း၊ ကျန်ကာလများတွင် အရောင်းအဝယ် အေးသဖြင့် တစ်လလျှင် ကုန်ကြမ်းပိဿာ ၁၂၀၀ ခန့်သာ ထုတ်လုပ်နိုင်သဖြင့် ကုန်ချောပိဿာ ၂၄၀ ထိ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ထွက်ရှိသော ကုန်ချောများကို ၂၅ ကျပ်သား၊ ၅၀ ကျပ်သား၊ တစ်ပိဿာ စသဖြင့်အထုပ်များထုပ်၍ လက်လီရောင်းချပြီး လက်ကားအနေဖြင့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့ရှိ စားသောက်ကုန် လုပ်ငန်းများမှ ပြန်လည်ထုပ်ပိုး၍ ပြည်တွင်းဈေးကွက်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် လက်လီဈေး အမဲသားခြောက် (အစိမ်း) တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၀၊ အမဲသားခြောက် (မီးကင်)တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၀၊ လက်ကား အမဲသားခြောက် (အစိမ်း) တစ်ပိဿာလျှင် ကျပ် ၈၀၀၀၀၊ အမဲသားခြောက် (မီးကင်)တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အသားခြောက်လုပ်ငန်းများသည် ဒေသတွင်းမွေးမြူရေး ထွက်ကုန်များကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်၍ ဒေသတွင်းရှိ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများနှင့်အတူ ဝင်ငွေ တိုးတက်ရရှိလာပြီး နိုင်ငံ့စီးပွားမြှင့်တင်ရာတွင်လည်း အဓိကကျသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှပါဝင်နေသဖြင့် မွေးမြူရေးထွက်ကုန် တန်ဖိုးမြှင့်အသားခြောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့ရိ ( MDY DOCA )**



# အသင့်ချုပ်ပြီးသား မြင်းခြံချည်ထည် အမျိုးမျိုး၏ ဈေးနှုန်းဈေးကွက်

မြင်းခြံမြို့နယ်တွင် ရောင်းချနေသော ချည်ထည်အမျိုးမျိုးကို တောင်သာမြို့ရှိ နွားပျဉ်းရွာနှင့် မိတ္ထီလာမြို့တို့မှ မှာယူရောင်းချကြောင်း သိရသည်။ ပိတ်အုပ်ချည်ကွက်အမျိုးမျိုး၊ ပိတ်အုပ် ပြောင်ကွက်၊ ဖျဉ်တဘက်၊ ချည်စောင်၊ လက်သုတ်ပဝါ၊ ဖျဉ်လုံချည်နှင့် ခေတ်ပေါ်ဒီဇိုင်းထွင်ချုပ်ထားသော Ready made ချည်ထည် အမျိုးမျိုးကို ရောင်းချလျက်ရှိသည့်အနက် ၂၀၂၅ ခုနှစ်အတွင်း ရောင်းချလျက်ရှိသော မြင်းခြံ ချည်ချုပ်ထည် ဈေးနှုန်းများမှာ လူကြီးဝတ် ဘောင်းဘီရှည် ဆိုဒ်စုံဈေးနှုန်းများအနေဖြင့် S ဆိုဒ် တစ်ထည်လျှင် ကျပ် ၅၅၀၀၊ M ဆိုဒ် ကျပ် ၆၀၀၀၊ L ဆိုဒ် ကျပ် ၆၅၀၀၊ XL ဆိုဒ် ကျပ် ၇၀၀၀ ဖြစ်သည်။

မဝတ်ဂါဝန်ပုံမှန်ဆိုဒ် ကျပ် ၇၀၀၀၊ မဝတ်ပုံဆန်း လက်တိုအင်္ကျီတစ်ထည် ကျပ် ၆၀၀၀၊ ကျားရှပ်လက်ရှည် M ဆိုဒ်ကျပ် ၇၀၀၀၊ L ဆိုဒ် ကျပ် ၈၀၀၀၊ XL ဆိုဒ် ကျပ် ၉၀၀၀ ဖြစ်ကြောင်း၊ ကျားသဘော်သားဝတ်အင်္ကျီ L ဆိုဒ်တစ်ထည်လျှင် ကျပ် ၅၀၀၀၊ XL တစ်ထည်လျှင် ကျပ် ၅၅၀၀၊ 2XL တစ်ထည်လျှင် ကျပ် ၆၀၀၀၊ မဝတ်ကလေးရှည်စုံဝမ်းဆက် Ss ဆိုဒ် တစ်စုံလျှင် ကျပ် ၆၀၀၀၊ S ဆိုဒ်တစ်စုံလျှင် ကျပ် ၇၀၀၀၊ M ဆိုဒ်တစ်စုံလျှင် ကျပ် ၇၅၀၀၊ L ဆိုဒ်တစ်စုံလျှင် ကျပ် ၈၀၀၀ ဖြစ်သည်။

ကျားကလေးဝတ် ဝမ်းဆက်ရှည်စုံဈေးများမှာ S ဆိုဒ် ကျပ် ၅၅၀၀၊ M ဆိုဒ် ကျပ် ၆၅၀၀၊ L ဆိုဒ်ကျပ် ၇၅၀၀ ပေါက်ဈေးများဖြင့် ရောင်းချလျက်ရှိပြီး မြင်းခြံချည်ထည်သည် တောင်သာမြို့နယ် နွားပျဉ်းရွာမှထွက်ရှိသောကြောင့် ထိုရွာကိုအစွဲပြုပြီး နွားပျဉ်းချည်ထည်ဟုလည်း ခေါ်ဆိုကြသည်။

ချည်ထည်သည် မြန်မာ့ရိုးရာလက်မှုပညာတစ်ခုဖြစ်ပြီး ဝတ်ဆင်ရာတွင် ပေါ့ပါး အေးမြသောကြောင့် လူကြီးလူငယ်မရွေး ဝတ်ဆင်အသုံးပြုသူ များပြားလှသည်။ အသင့်ချုပ် ချည်များအား ဈေးကွက်တင်ပို့မှုအနေဖြင့် ရန်ကုန်မြို့၊ ပြင်ဦးလွင်မြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ စသည်ဖြင့် အမြို့မြို့အနယ်နယ်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။ ချည်ထည်သည် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဝတ်ဆင်နိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သောကြောင့် ဈေးကွက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**mdydoca၊ သူဇာမိုး**

# ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၈၆၉၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၈၅၈၀၀၀ သို့လည်းကောင်း၊ ပဲစင်းငုံတစ်တန် ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၄၅၅၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၅၅၀၀၀၀ သို့လည်းကောင်း ပဲလွန်းဖြူ တစ်တန် ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၉၆၀၉၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၇၀၆၈၀၀ သို့လည်းကောင်း အသီးသီးဈေးကျဆင်းသွားပြီး ပဲတီစိမ်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၆၆၃၉၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၁၇၅၂၀၀ သို့လည်းကောင်း ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာ တင်သွင်းခွင့် မူဝါဒကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲတို့အတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံ နှင့် မတ်ပဲအား စီးပွားဖြစ် ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**SWTun (Domestic YGN TC)**


၂.၁၀.၂၀၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွန်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄ ( အောက်တိုဘာလ) | ၃၈၆၉၀၀၀ | ၄၅၅၀၀၀၀ | ၂၆၆၃၉၀၀ | ၂၉၆၀၉၀၀ |
| ၂ | ၂၀၂၅ (အောက်တိုဘာလ) | ၂၈၅၈၀၀၀ | ၂၅၅၀၀၀၀ | ၃၁၇၅၂၀၀ | ၂၇၀၆၈၀၀ |

ခန့်မှန်း။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ အောက်တိုဘာလ ၂ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။





air-x
Tablet
Drops
Against flatulence and meteorism
အဲအိတ်(စ်)
အစာကြေလေနိုင်ဆေးပြားနှင့် အစက်ချဆေး
air-x
simethicone
air-x drops
SIMETHICONE
Manufactured by:
R.X.Manufacturing Co.,Ltd, Thailand
Distributed by:
MEDI MYANMAR GROUP LTD.






Web Development
corporate websites • e-commerce websites • cms integration • ui/ux design
Marketing Materials
flyer • poster • social media post • advertising • billboard • banner • packaging design • booklet • animated gif • photography • photo retouch • filming • video editing
Branding
logo • stationary • exhibition • brand guidelines • brand book • brand refresh • rebranding • packaging design
Software Development
mobile app development (ios/android) • pos system development • custom web applications • inventory management systems • crm / erp solutions • api integration services • ai chatbot development
Phone : +95 9 445566 027, 01 356 3383 | No.349(B) 2nd Floor, Thu Mingalar Road, 9th Quarter, South Okkalapa Township Yangon, Myanmar
Transforming Ideas into Impactful Digital Experiences
Iconic Digital Branding Solutions is a creative-tech agency delivering brand identity, advertising design, social media, printing, websites, apps, e-commerce, and POS—all under one roof to help brands stand out online and offline.
iconic
DIGITAL BRANDING SOLUTIONS


PONNAMI
Estate
Developed by:
SHWE TAUNG
PONNAMI
MAHOGANY COTTAGE
PONNAMI LODGE
3-STOREYS
For Sales Enquiries:
Direct Line : +95 1 23000 77
Mobile : +95 9 255 111 888
Email : sales@shwetaungrealestate.com
Located at :
Corner of Shwe Li Road and Ponnami Road, Dagon Seikkan Township, Yangon, Myanmar.

MAPCO
AGRIBUSINESS

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်





နေပြည်တော် ဆန်စက်



လှိုင်သာယာမြို့နယ်မှ ဆန်စက်



တိုက်ကြီးမြို့နယ်မှ ဓါတ်မြေသြဇာအရောင်းပြခန်းနှင့် လုံးတီးဆန်စက်



မြောင်းမြမြို့မှ ဆန်စက်



တွံတေးမြို့နယ်မှ သိုလှောင်ရုံများ



မအူပင်မြို့မှ သိုလှောင်ရုံများ



တွံတေးမြို့နယ်မှ ပီနံအိတ်ခွံနှင့်တံဆိပ်ရိုက်လုပ်ငန်းများ




NEW MSME CO-OP မှ NEW Store ဆိုင်များ

**Myanmar Agribusiness Public Company Limited**
No.100, Wardan Street & Kan Nar Street, Beside the Concrete Express Way,
Wardan Port Area, Lanmadaw Township(Formerly Seik Kan Tsp), Yangon, Myanmar.
**Tel:**(+95-1) 2301652~53, 2301825~6 **Fax:** (+95-1) 2301824 **Email:** admin@mapco-ygn.com **Website:** www.mapco.com.mm





Plot No.20/21, Thilawa Port Development Zone,
Kyauktan Township, Yangon, Myanmar.
Ph : +959 33162666

COMMERCE
INTERNATIONAL

# ထိုင်းနိုင်ငံ ဗန်ကောက်တွင် လျှပ်စစ် ခရီးသည်တင်ယာဉ် ၁၅၀၀ ကျော် ပြေးဆွဲမည်




ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လျှပ်စစ်ခရီးသည်တင်ယာဉ် အစီး ၁၅၀၀ကျော်ဖြင့် ခရီးသည်များအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း Thethaiger သတင်းဌာန၏ အောက်တိုဘာ ၂ ရက် သတင်းဖော်ပြချက်အရ သိရသည်။

ထိုင်းနိုင်ငံ၏ အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (BMTA)သည် အဲလ်ကွန်းမပါသည့်ခရီးသည်တင်ယာဉ်နေရာတွင် လျှပ်စစ် (EV) ခရီးသည်တင်ယာဉ်များဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ဒုတိယပို့ဆောင်ရေးဝန်ကြီး Phiphat Ratchakitprakarn က အဲလ်ကွန်းပါဝင်သည့် လျှပ်စစ်စွမ်းအင်သုံး ခရီးသည်တင်ယာဉ်အစီး ၁၅၂၀ ကို တိုးချဲ့က ပြောင်းလဲပြေးဆွဲသွားမည်ဟု အတည်ပြု ပြောဆိုခဲ့ခြင်းဖြစ်သည်။

လျှပ်စစ် ခရီးသည်တင်ယာဉ်များကို အသုံးပြုပါက လေထုညစ်ညမ်းမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ခရီးသည် ဝန်ဆောင်မှုကိုလည်းပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ BMTA နှင့် ခရီးသည်များအတွက်ပါ ကုန်ကျစရိတ် သက်သာစေမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ဒုတိယပို့ဆောင်ရေးဝန်ကြီး Phiphat Ratchakitprakarn က ဆက်လက်ပြောဆိုခဲ့သည်ဟု သတင်းတွင် ဖော်ပြထားခြင်း ဖြစ်သည်။

လာမည့် ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ယင်းအစီအစဉ်ကို စတင်မည်ဖြစ်ပြီး ကနဦးတွင် လျှပ်စစ်ခရီးသည်တင်ယာဉ်အစီး ၅၀၀ ဖြင့် စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ထို့နောက် အဆင့်ဆင့် အစားထိုး ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရက်ပေါင်း ၁၈၀ အတွင်း အစားထိုးမှုအားလုံး ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်းနှင့် ထိုသို့ အစားထိုးမှုအားလုံးပြီးစီးသွားပါက အဲလ်ကွန်းမပါသည့် ခရီးသည်တင်ယာဉ်များ ပြေးဆွဲမှုကို ရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ခရီးသည်တင်ယာဉ်များ ပြောင်းလဲအသုံးပြုပါက လောင်စာဆီကုန်ကျစရိတ်ကို ၇၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းစရိတ်မှာမူ ဘတ် ၁ ဒသမ ၈ ဘီလီယံ ကျဆင်းသွားဖွယ်ရှိခြင်းကြောင့် တစ်နှစ်လျှင် ကုန်ကျစရိတ် ဘတ် ၁ ဒသမ ၄၄၂ ဘီလီယံကျော် လျှော့ချနိုင်မည်ဖြစ်ကြောင်းနှင့် ယာဉ်စီးခစျေးနှုန်းကိုမူ ပြောင်းလဲမည်မဟုတ်ကြောင်း သိရသည်။

**Source; Thethaiger**

စိုင်းဗညား - စုစည်းသည်



# တရုတ်နိုင်ငံတွင် စက်ရုပ်က ဈေးရောင်းသည့် စတိုးဆိုင်ဖွင့်လှစ်

တရုတ်နိုင်ငံတွင် စက်ရုပ်များက ရောင်းချပေးသည့် စတိုးဆိုင် ဖွင့်လှစ်လိုက်ကြောင်း အောက်တိုဘာ ၂ ရက်တွင် ဆင်ဟွာသတင်းတစ်ရပ်က ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ဖွင့်လှစ်လိုက်သည့် ယင်းစတိုးဆိုင်၌ လူသားဝန်ထမ်း လုံးဝမပါဘဲ စက်ရုပ်များဖြင့်သာ စီမံခန့်ခွဲရောင်းချပေးသည့် စတိုးဆိုင်တစ်ဆိုင်ကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားခြင်းဖြစ်သည်။

Galbot ဟုခေါ်သည့် နည်းပညာကုမ္ပဏီတစ်ခုက Galbot G-1 အမည်ရ စက်ရုပ်ကို အသုံးပြုပြီး တရုတ်နိုင်ငံ ပေကျင်းမြို့တွင် စတင်အကောင်အထည်ဖော် ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်။ အဆိုပါ စတိုးဆိုင်ထဲသို့ ဝင်ရောက်လာသည့် ဖောက်သည်များကို နှုတ်ဆက်ခြင်း၊ အစားအသောက်၊ အချိုရည်နှင့် ဆေးဝါးများ အပါအဝင် ပစ္စည်းများအားလုံးကို Galbot G-1 စက်ရုပ်က ကိုင်တွယ်ဆောင်ရွက် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

Galbot G-1 စက်ရုပ်များသည် ကိုယ်တိုင် ဆုံးဖြတ်နိုင်စွမ်းရှိပြီး မည်သည့်ပစ္စည်းမျိုးကိုမဆို ကိုင်တွယ်နိုင်စွမ်းရှိသည်ဟုဆိုသည်။ လက်ရှိအချိန်တွင် Galbot G-1 စက်ရုပ်များသည် စမ်းသပ်ဆဲကာလအဖြစ်သာရှိသေးပြီး လာမည့် ၂၀၂၆ ခုနှစ်တွင် တရုတ်နိုင်ငံ၏ မြို့ကြီး ၁၀ မြို့တွင် Galbot G-1 စက်ရုပ်များကို အသုံးပြုသည့် စတိုးဆိုင် ၁၀၀ အထိ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်နေကြောင်း သိရသည်။

**Source; Xinhua**




# ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲခြင်းကို ရုရှားထောက်ခံ

ရုရှားနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲခြင်းများကို အပြည့်အဝ ထောက်ခံကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က ပြောဆိုခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံကို ပြန်လည်ချိန်ညှိ၍ အကောင်အထည်ဖော်ရေးအတွက် တရုတ်နိုင်ငံ အပါအဝင် အခြားသော နိုင်ငံများနှင့်ပါ လက်တွဲကာ ရုရှားနိုင်ငံက တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၃၀ ရက်က ရုရှားနိုင်ငံ ဆိုချီမြို့တွင် ကျင်းပခဲ့သည့် Valdai International Discussion Club Think Tank အဖွဲ့၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်က ပြောဆိုခဲ့ခြင်း ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါ အစည်းအဝေးတွင် တရုတ်နိုင်ငံက အဆိုပြုခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံမှာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုယန္တရားအချို့သည် အနောက်နိုင်ငံများ၏ လွှမ်းမိုးထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေသည့် အခြေအနေရှိခြင်းကြောင့် ပြောင်းလဲမှုပြုလုပ်ရာတွင် အထောက်အကူပြုနိုင်မည်ဟု ဆာဂေးလက်ဗ်ရော့ဗ်က ပြောကြားခဲ့သည်။

နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများကို တစ်ဖက်သတ်ဆန်သော၊ တစ်ကိုယ်ကောင်းဆန်သော ပထဝီနိုင်ငံရေး ရည်မှန်းချက်များအား ရှေ့ဆက်ဖော်ဆောင်ရန် မလျော်မကန် အသုံးပြုနေခြင်းမှာ ဆိုးရွားသည့် အခြေအနေတစ်ရပ်ပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အချိန်ကျနေပြီဖြစ်ကြောင်း ဆာဂေးလက်ဗ်ရော့ဗ်က ပြောသည်။ **Source; Xinhua**